**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့်ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ ဓမ္မပဒ

# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၈)

၁၃၈၇ ခုနှစ်၊ တန်ခူးလကွယ်နေ့
၂၀၂၅ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ စနေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၅)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၅)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၂၅

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၃/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ◆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဧပြီ ၂၆ ရက်)

# ပြန်လည်ထူထောင်ရေးကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်း၊ တံတား၊ အဆောက်အအုံများထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမန္တလေးလျှင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးရာတွင် နေပြည်တော်ပျဉ်းမနား အမှတ်(၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိ အဆောက်အအုံအချို့လည်း ထိခိုက်ပျက်စီးခဲ့သည်။ ပျဉ်းမနား အမှတ်(၁) မြို့မဈေးသည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြေကေ ၄ ဒသမ ၃၇၅ ဧက ကျယ်ဝန်းသည်။ ဈေးအဆောက်အအုံ A၊ B၊ C နှင့် D အဆောင်တို့မှ ဆိုင်ခန်းပေါင်း ၁၃၆၉ ခန်းရှိသည့်အနက် ငလျင်ဒဏ်ကြောင့် A အဆောင်နှင့် B အဆောင်တို့ရှိဈေးဆိုင်ခန်းပေါင်း ၃၉၃ ခန်း ပျက်စီးခဲ့သည်။ ထို့ပြင် ထိခိုက်မှုအနည်းငယ်သာရှိသည့်အဆောက်အအုံ C နှင့် D အဆောင်တို့ရှိဆိုင်ခန်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ရောင်းချခွင့်ပြုထားသည်။ မြို့မဈေးကြီး အသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေးဖွင့်လှစ်မည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တွင် အဆောက်အအုံ ၉၂လုံးရှိသည့်အနက် ရှေးဟောင်းအဆောက်အအုံငါးလုံးအပါအဝင် အခြားအဆောက်အအုံသုံးလုံး စုစုပေါင်းရှစ်လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့သည်။ နှစ်၁၀၀ ပြည့် ရှေးဟောင်းအဆောက်အအုံတစ်လုံးအပါအဝင်အခြားအဆောက်အအုံလေးလုံး စုစုပေါင်းငါးလုံးမှာ အန္တရာယ်ရှိသည့်အဆင့် ထိခိုက်ပျက်စီးခဲ့သည်။ ထိုသို့ပျက်စီးခဲ့ခြင်းကြောင့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၄၆၁ ဦးအတွက် စာသင်ဆောင်များလိုအပ်လျက်ရှိကြောင်းသိရသည်။

အဆိုပါကျောင်းရှိ လယ်ယာစက်မှုဌာနအဆောက်အအုံ(ရာပြည့်အဆောက်အအုံ) သည် အေဒီ ၁၉၂၃ ခုနှစ်တွင် ကျောင်းသစ်အဖြစ်ဆောက်လုပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများကို သံဂဟေဆက်ခြင်း၊ မော်တာစက်ပြင်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သစ်သားလုပ်ငန်းများကို ပစ္စည်းအပြည့်အစုံဖြင့်သင်ကြားပေးခဲ့သည့်နေရာဖြစ်သည်။ ကရမက်ဆောင်သည် အေဒီ ၁၉၂၆ ခုနှစ်တွင် ဆရာများနေထိုင်ရန်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးခန်း စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုလည်းဖြစ်သည်။ ယင်းမာဆောင်သည် အေဒီ ၁၉၂၈ ခုနှစ်တွင် ကျောင်းသားများနေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA)ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံး စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်။ သရဖီဆောင်သည် အေဒီ ၁၉၃၈ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံး စခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဧပြီလ ၂၃ ရက်မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ် (၁)မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို ဧပြီလ ၂၃ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးလျှင်ကြီးနှင့် နောက်ဆက်တွဲလျှင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ A အဆောင်နှင့် B အဆောင်နေရာတို့တွင် တပ်မတော်သားများနှင့်ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု၊ ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအဆောက်အအုံ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများကို လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစက်မှုဌာနအဆောက်အအုံ (ရာပြည့်အဆောက်အအုံ)၊ ကျောင်းအုပ်ကြီးရုံး၊ ကရမက်ဆောင်၊ ဩည့်ရိပ်သာ၊ ယင်းမာဆောင်၊ သရဖီဆောင်၊ ရွှေရောင်ခြည်ခန်းမနှင့် စာသင်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "ပျက်စီးခဲ့သည့်စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် မူလအဆောက်အအုံပုံစံအတိုင်းဆောက်လုပ်ရေး၊ မဆောက်လုပ်မီ မြေအနေအထားစမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့်စာသင်ဆောင် အဆောက်အအုံများကြံ့ခိုင်ရေး စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းအား ဇွန်လ ကျောင်းဖွင့်ချိန်အမီပြုပြင်သွားရန်၊ အရေးကြီးစာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများကိုစနစ်တကျထိန်းသိမ်းထားရှိရန်" ပြောကြားခဲ့သည်။ အဆိုပါကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းမိသားစုများအတွက် အခြေခံစားသောက်ကုန်တစ်လစာထောက်ပံ့ပေးခြင်းနှင့်ယာယီကျောင်းရုံးခန်းအဆင်ပြေစေရေးModular House များဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့် ငလျင်ဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများစစ်ဆေး

**စေတုတ္တရာ ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့် သွင်းအားစုများအတွက် ငွေကြေးအရင်းအနှီးများပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မွန်ဇော်ကျေးရွာ၌ နေကြာ၊ နှမ်းသီးနှံ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ/မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကိုမှာကြားသည်။

စေတုတ္တရာမြို့နယ် မွန်ဇော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နေကြာစိုက်တောင်သူ ၂၂ ဦးကို ချေးငွေကျပ် ၆၆ သိန်း၊ နှမ်းစိုက်တောင်သူ ၄၄ ဦးကို ချေးငွေကျပ် ၄၄ သိန်း စုစုပေါင်းတောင်သူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၁၁၀ ကို ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။

**ကိုညို(ကျေးလက်)**

# ဟုမ္မလင်းမြို့နယ်၌ ဆောင်းသီးနှံစားတော်ပဲ ၁၅၀၂ ဧက ရိတ်သိမ်းပြီးစီး

**ဟုမ္မလင်း ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲသီးနှံ၁၅၀၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ဧပြီလ ၂၅ ရက်အထိ ရိတ်သိမ်းကြရာ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၁ တင်းထွက်ရှိသည်။

"ဟုမ္မလင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ပဲမျိုးစုံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် စားတော်ပဲသီးနှံ ၁၅၀၂ ဧကအထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်"ဟု ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုထွေးကပြောသည်။

ဟုမ္မလင်းမြို့နယ်၌ စားတော်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဟောပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းစသည်တို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြောင်းသိရသည်။

**(၄၀၉)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၄-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm


# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း




























၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့ လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃)တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြု ထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်း အမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေး ဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ် ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့်လှူဒါန်း နိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

**– SWIFT CODE** **– MYEBMMMY**

**– Beneficiary Name** **– Natural Disaster Management Fund**

**– Beneficiary A/C No** **– EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ် မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့နောက် ကျွန်ုပ်သည် ကြောက်မက်ဖွယ်သောပုံသဏ္ဌာန်အမျိုးမျိုး စိတ်ကူးလျက် ကျွန်ုပ်၏ရှေ့၌ ခြောက်နေသည့်နှယ် ဖန်ဆင်းကြည့်ရာ မတုန်လှုပ်ခြင်းကို တွေ့ရ၏။ ယခင်ကမူ ကြောက်စရာသဏ္ဌာန်များကို ဤသို့သောနေရာမျိုးတွင် ညအချိန်၌ စိတ်မကူးဝံ့ပါ။ ကျွန်ုပ် အထူးတလည် သဘောပေါက်သွားသည်မှာ အဆင်းသဏ္ဌာန်သက်သက်သည် ကိုယ့်ကိုနာကျင်အောင် လုပ်နိုင်သည်မဟုတ်၊ ခြောက်ရုံသာတတ်နိုင်သည်။ နာကျင်အောင် မတတ်နိုင်ဘဲလျက်နှင့် အဘယ်ကြောင့် ကြောက်ရမည်နည်း။ ကျားကို ကြောက်ခြင်းမျိုးကား အဓိပ္ပာယ်ရှိသည်။ တစ္ဆေကြောက်သည်ဆိုခြင်းမျိုးကား အဓိပ္ပာယ်မရှိခြင်းကို ငါကဲ့သို့ ရင့်ကျက်သူတစ်ယောက်သည် နားမလည်နိုင်သလော စသည်ဖြင့် ကောင်းကောင်းကြီး သဘောပေါက်သွားခြင်းဖြစ်လေသည်။ ထိုနေ့မှစ၍ ကျွန်ုပ်၌ တစ္ဆေကြောက်သည်ဟူသော အမှတ်သည် မရှိတော့ချေ။

**ဓူတင်ဆောင်လိုသော အကြံ**

ရှေ့သို့ တစ်ဆင့်တက်ဖို့ စိတ်ကူးသေး၏။ ရဟန်းပြုစဉ်ကမူ ကိစ္စပြီးသည်အထိ အားထုတ်ရန်ဟူသော အကြံဖြင့်ပြုခဲ့၏။ ဝတ်ပြီးသည့်နောက်၌ကား မိမိသိသမျှတရားကို ရွာသားများအား ဟောပြချင်သောဆန္ဒဖြစ်ပေါ်လာ၏။ ကျွန်ုပ်ဟောမည့်တရားကား တခြားသော ဘုန်းကြီးများဟောသည့် တရားမျိုးမဟုတ်။ 'ငါ' ပြုတ်ဖို့ တရားဖြစ်၍ ထူးဆန်းသည်။ ထူးဆန်းသောတရားကိုဟောလျှင် ဟောပြောသူအပေါ်၌ ယုံကြည်မှု (သဒ္ဓါ) ရှိမှဖြစ်မည်။ ရွာသားများက 'တို့ရွာက အင်္ဂလိပ်ကျောင်းဆရာပဲ၊ တစ်နေ့က ပြောင်းသွားပြီး အခုပြန်လာတာပဲ' ဟုဆိုကာ အထင်သေးကြမည်ဖြစ်၍ ကျွန်ုပ်၏တရား စွဲဖို့ ခဲယဉ်းလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့ သဒ္ဓါထက်အောင် မည်ကဲ့သို့လုပ်ရမည်နည်း စသည်ဖြင့် စဉ်းစား၏။ အကြံတစ်ခု ပေါက်သည်ကား ဒကာ၊ ဒကာမများသည် ဓူတင်ဆောင်ပုဂ္ဂိုလ်များကို ကြည်ညိုတတ်ကြသည်။ ငါကိုယ်တိုင် ဓူတင်တေရသကိုဆောင်လျှင် သဒ္ဓါတိုးတက်ကြ၍ ငါ့တရားကို ယုံကြည်စွာနာကြလိမ့်မည်ဟု အကြံဖြစ်၏။ ဤတွင် ကျွန်ုပ်သည် ရဟန်းဒကာ ဦးစုနှင့် ကိုညွှင်းတို့အား တိုင်ပင်၍ ရှေးဦးစွာ သုသာန်ဓူတင်ဆောင်ပြီး သင်္ချိုင်း၌နေမည်ဖြစ်သောကြောင့် တဲကလေးတစ်ခု ဆောက်ပေးဖို့ပြော၏။ ကိုညွှင်းက သဘောကျပုံရသော်လည်း လူကြီးဖြစ်သော ဦးစုက ခပ်ပြုံးပြုံးမျက်နှာထားနှင့် "စစချင်းသိပ်မလုပ်ပါနဲ့ဦး ဦးပဥ္စင်း၊ ဖြည်းဖြည်းလုပ်ပါ" ဟု လျှောက်၏။ သူ၏ မျက်နှာထားကို ကျွန်ုပ်အဓိပ္ပာယ်ကောက်ပုံမှာ 'သောက်သောက်စားစားနေလာခဲ့ပြီး အခုမှ သိပ်အစွမ်းပြချင်သကိုး' ဟု ကျွန်ုပ်နားလည်သည်။ ကိုယ့်ကိုယ်ကိုယ်စစ်လိုက်သော် အစွမ်းပြချင်သောရည်ရွယ်ချက်လည်း အထိုက်အလျောက်ပါရှိပုံရသည်။ ဤတွင်မူကား ကျွန်ုပ်သည် ကိုယ့်ဟာကိုယ် ရှက်တက်တက်ဖြစ်လာသည်နှင့် ဓူတင်ဆောင်ခြင်းနှင့်တကွ ဓမ္မကထိကဖြစ်ဖို့ အကြံအစည်ကိုပါ လက်လျှော့လိုက်ပါတော့သည်။

**ပြောင်းရွှေ့ဖို့ ကြိုးစားခြင်း**

ကျောင်းထိုင်ဘုန်းကြီးသည် ကျွန်ုပ်၏ အနေအထိုင်သိပ်သည်းလွန်းခြင်းအတွက် အနေရခက်လာပုံရ၏။ ကိုယ်တော်ကြီးကား ကျောင်းသားများနှင့် သမွန်စပ်ခြင်းစသော လက်သမားအလုပ်မျိုး၌ ဝါသနာပါလေရာ ကျွန်ုပ်က အကူအညီလည်းမပေး၊ ခပ်အေးအေးနေခြင်းအတွက် အနေခက်ဟန်ရှိ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ကမ်းနီကျောင်းတွင် မနေလိုတော့သည်နှင့် ဝက်လက်မြို့ ဘုန်းကြီးကျောင်းတစ်ကျောင်း၌နေရန် မိဘများရှိသော မန်ကျည်းတုံရွာသို့ ပြန်လာခဲ့လေ၏။ ဆွေမျိုးများအနက် မိခင်နှင့် ၎င်း၏တပည့်များသည် ကျွန်ုပ် သင်္ကန်းဝတ်ခြင်းအတွက် နှစ်သက်ဝမ်းမြောက်ကြ၍ ဖခင်နှင့် ၎င်း၏တပည့်များကား ကျွန်ုပ် အရာရှိတစ်ယောက် ဖြစ်လာခြင်းမျိုးကဲ့သို့ ဝမ်းသာအားရရှိကြပုံမရချေ။ ဤကား ကိစ္စမရှိ။ ဝက်လက်ဘုန်းကြီးကျောင်း၌ ကျွန်ုပ်နေခွင့်ရဖို့အတွက် အခက်အခဲတွေ့ခြင်းကား ကိစ္စရှိ၏။ ဖခင်သည် ကျွန်ုပ်အတွက် နေခွင့်ရဖို့ ဘုန်းတော်ကြီးထံ သွားရောက်လျှောက်ထားရာ နေရာမရှိဟုပြောလိုက်၏။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ ဘုန်းတော်ကြီးသည် ကျွန်ုပ်၏ အားထုတ်ပုံများအကြောင်းကို သတင်းကြားရ၍ ကမ်းနီဘုန်းတော်ကြီးကဲ့သို့ပင် သူ့အတွက် အနေခက်မည်ကိုမြင်သည်နှင့် ငြင်းပယ်လိုက်ခြင်း ဖြစ်ဟန်ရှိသည်။ ဖြစ်တတ်သော သဘာဝတစ်ခုမှာ ပဋိပတ္တိဘက်၌အလေးပေးသော ဦးပဥ္စင်းကလေးများအား ပရိယတ္တိသက်သက် ဘုန်းတော်ကြီးများက လိုလားကြဟန်မရှိချေ။ အားလုံးမဟုတ်သော်လည်း အများအားဖြင့် ဤအတိုင်းပင် ကြားရကြုံရဖူးသည်။ နောက်ဆုံး၌ ကျွန်ုပ်သည် မန်ကျည်းတုံဘုန်းကြီးကျောင်းကိုလည်း မကြိုက်၊ မန္တလေးဘုန်းကြီးကျောင်းများ၌လည်း ဟန်မည်မထင်သောကြောင့် ကမ်းနီသို့ပင် ပြန်ရန်ဆုံးဖြတ်လိုက်လေသည်။

> **"ဆွေမျိုးများအနက် မိခင်နှင့် ၎င်း၏တပည့်များသည် ကျွန်ုပ်သင်္ကန်းဝတ်ခြင်းအတွက် နှစ်သက်ဝမ်းမြောက်ကြ၍ ဖခင်နှင့် ၎င်း၏တပည့်များကား ကျွန်ုပ်အရာရှိတစ်ယောက်ဖြစ်လာခြင်းမျိုးကဲ့သို့ ဝမ်းသာအားရရှိကြပုံမရချေ။ ဤကားကိစ္စမရှိ။ ဝက်လက်ဘုန်းကြီးကျောင်း၌ ကျွန်ုပ်နေခွင့်ရဖို့အတွက် အခက်အခဲတွေ့ခြင်းကား ကိစ္စရှိ၏။ ဖခင်သည် ကျွန်ုပ်အတွက်နေခွင့်ရဖို့ ဘုန်းတော်ကြီးထံ သွားရောက်လျှောက်ထားရာ နေရာမရှိဟုပြောလိုက်၏။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ ဘုန်းတော်ကြီးသည် ကျွန်ုပ်၏ အားထုတ်ပုံများအကြောင်းကို သတင်းကြားရ၍ ကမ်းနီဘုန်းတော်ကြီးကဲ့သို့ပင် သူ့အတွက် အနေခက်မည်ကိုမြင်သည်နှင့် ငြင်းပယ်လိုက်ခြင်း ဖြစ်ဟန်ရှိသည်..."**

**ချီးမွမ်းခံရခြင်း**

တချို့လူများက ဂုဏ်ဖော်လိုသည်ဟု ထင်ချင်လည်း ထင်ကြစေ၊ ကျွန်ုပ်၏ရဟန်းအဖြစ် အနေအထိုင်နှင့်ပတ်သက်၍ ကျေနပ်မိသော အခြင်းအရာတစ်ခုကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ကမ်းနီကျောင်းသို့ မပြန်မီ မန္တလေးမြို့၌ရှိသော နှမထံသို့ ဖခင်နှင့်အတူသွား၍ နှုတ်ဆက်ကြ၏။ ရှမ်းစုဘုရာတာမှဆင်းကြ၍ ဘုရားကြီးတိုက်ကျောင်းတစ်ကျောင်းတွင် ဖခင်နှင့်အကျွမ်းဝင်သည့် ဆရာတော်ကြီးတစ်ပါးရှိသည်နှင့် ဝင်ရောက်ဖူးမြော်ကန်တော့ကြရာ ဆရာတော်ကြီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း စိတ်ဝင်စားသောအမူအရာနှင့် စိုက်၍ကြည့်နေ၏။ ဖခင်သည် မကြာသေးမီကမှဝတ်သော ရဟန်းဖြစ်၍ သူ၏သားဖြစ်ကြောင်း လျှောက်ထားသောအခါ ဆရာတော်ကြီးသည် ကျွန်ုပ်အားကြည့်လိုက်၊ ဖခင်အား ကြည့်လိုက်နှင့် အလွန်အံ့ဩသော မျက်နှာထားရှိ၏။ နောက်ဆုံး၌ ဆရာတော်ကြီးက "ကျုပ်ကသိပ်ပြီး အနေအထိုင်သိပ်သည်းတဲ့ ရဟန်းကလေးပါတကားလို့ စိတ်ထဲကချီးကျူးမိတယ်၊ အခုတော့ ငယ်ဖြူတောင်မဟုတ်ပါပဲကလား၊ တော်ပေ့ဗျာ၊ တော်ပေ့"ဟု မိန့်တော်မူလေသည်။

ယခင်က ကျွန်ုပ် ရန်ကုန်သို့ရောက်ပြီးနောက် သုံးနှစ်ခန့်ကြာသောအခါ ရန်ကုန်သားစစ်စစ်တစ်ယောက်က ကျွန်ုပ်ကိုကြည့်လျက် "အခုတော့ ခင်ဗျားရောက်စကနဲ့မတူတော့ဘူး၊ ရန်ကုန်ဂိုက်ဆိုက် ဖြစ်လာပြီဗျို့" ဟုပြောသဖြင့် ကျေနပ်ခဲ့ဖူးရာ ထိုစဉ်က ကျေနပ်မှုထက်ပင် ဆရာတော်ကြီး၏စကားအတွက် ကျွန်ုပ်ပို၍ကျေနပ်မိပါသည်။ ထို့နောက်တွင် တခြားသောရဟန်းများကလည်း အလားတူ စကားမျိုးပြောခြင်းကို အကြိမ်ကြိမ်ကြုံရဖူးပါသည်။ ဟုတ်လည်းဟုတ်သင့်သည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်ုပ်သည် ယနေ့အဖို့တွင် ထိုစဉ်ကထက် အသက်နှစ်ဆမျှကြီးလာပြီဖြစ်သော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ ထိုစဉ်ကလောက် သိက္ခာမရှိခြင်းကို ကိုယ့်ဟာကိုယ်သိ၏။ အသိဉာဏ်ကား တိုးတက်ပါ၏။ သို့ရာတွင် ရဟန်းဘဝမှာကဲ့သို့ သိက္ခာရှိသည် မထင်ပေ။ ထိုစဉ်ကမူ ကျွန်ုပ်၏စိတ်ထဲ၌ ငါသည် သာမန်ရဟန်းမဟုတ်။ တစ်နေ့တွင် အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်ရမည့် ပုဂ္ဂိုလ်ပေတည်းဟု အမြဲလိုပင် အထင်ရောက်လျက်ရှိသည်နှင့် ရင့်ကျက်သောဣန္ဒြေနှင့် ပြည့်စုံခဲ့ဟန်ရှိသည်။ ထိုအထင်သည် ယခုလည်း ကျန်ရှိသေးသော်လည်း ရဟန်းဘဝမှာ တုန်းကကဲ့သို့ တထစ်ချယူဆခြင်းမဟုတ်တော့ပေ။ တစ်နေ့တွင် ရဟန္တာဖြစ်မည်ဟု ထင်လျက်ရှိသည်ဆိုသော်လည်း အလကားနေရင်း ဖြစ်လိမ့်မည်ထင်ခြင်းမဟုတ်၊ အားထုတ်ခြင်းဖြင့် ဖြစ်ရမည်ထင်ခြင်းဖြစ်လေသည်။

**တောကျောင်းသို့ ပြောင်းရွှေ့ခြင်း**

မန္တလေး၌နှစ်ည၊ ထို့နောက် မန်ကျည်းတုံ၌ နှစ်ညနေပြီးနောက် ကမ်းနီရွာသို့ ပြန်ရောက်သောအခါ ကျွန်ုပ်မှာ မူလကြံရွယ်သည့်အတိုင်း ကိုယ့်အဖို့ ကိစ္စပြီးအောင် အားထုတ်ရမည့်အစား သူတစ်ပါးအား ဟောပြောချင်သောစိတ်ကူးများ ဖြစ်ပေါ်လျက်ရှိသောကြောင့် ထင်သလောက်ခရီးမရောက်ဘဲ နှောင့်နှေးလျက်ရှိ၏။ ထိုအချိန်တွင် သူရိယသတင်းစာတိုက်သို့ (ဓမ္မ) ဆောင်းပါးများရေးပို့၍ မန္တလေးမြို့ မစိုးရိမ်တိုက် ဦးဉာဏထံသို့လည်း တိုင်ပင်စာများရေး၏။ ဦးဉာဏသည် ကျွန်ုပ်၏သဘောပေါက်ပုံကို ကျေနပ်သော်လည်း သူကိုယ်တိုင်မှာ ကျန်းမာရေးမညီညွတ်သောကြောင့် ကျွန်ုပ်နှင့် တွေ့ဆုံနှီးနှောရန် ထိုအခိုက်တွင် မဖြစ်နိုင်သေးကြောင်းစာပြန်လာ၏။ (သို့သော် နောင်အခါကာလများ၌ ဦးဉာဏဆရာတော်က လမ်းညွှန်လိုက်ပါသည်ဆိုသော ပုဂ္ဂိုလ်နှစ်ယောက်၊ သုံးယောက် လာရောက်ကြသည်။)

**ဆက်လက်ဖော်ပြပါမည်။**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ မေ ၂၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်းစိုက်ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ်ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ဖူးစားပြောင်း ၁၅၀၂၅ ဖူးခန့် ထွက်ရှိကြောင်း သိရသည်။

"ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်ဖို့နဲ့ အရည်အသွေးပြည့်ဝတဲ့ ဖူးစားပြောင်းရရှိဖို့အတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ အစားအစာဘေးကင်းလုံခြုံစေဖို့ GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စတဲ့ တောင်သူ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ သင်တန်းများနှင့် ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဖောင်မြောင်တောင်ပိုးနှင့် ဘက်စုံသီးနှံကာကွယ်ရေး နည်းပညာပေးခြင်း စသည့်စိုက်ပျိုးရေး ဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တောင်သူများအနေဖြင့် ဖူးစားပြောင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ငလျင်ဘေးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းမိသားစုများအတွက် Steel Structure ယာယီအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ငလျင်ဘေးကြောင့်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများနေထိုင်ရန်အတွက် ဝန်ကြီးဌာန အင်ဂျင်နီယာအဖွဲ့မှ ကြီးကြပ်ကွပ်ကဲမှုဖြင့် တည်ဆောက်နေသည့် Steel Structure ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် အဆိုပါ ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းများနေထိုင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ်ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် မိသားစုများအား ယာယီဖွင့်လှစ်ထားရှိသည့် သဘာဝဘေးယာယီတည်းခိုရေးစခန်းများမှ Steel Structure ယာယီအဆောက်အအုံများသို့ အမြန်ဆုံးပြောင်းရွှေ့နေရာချထားနိုင်ရေး၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျဆောင်ရွက်သွားကြရန်၊ ယာယီအဆောက်အအုံများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန်၊ နေထိုင်စားသောက်မှုများကို ကျန်းမာရေးနှင့်ညီညွတ်စေရေး အလေးထား စီစဉ်ဆောင်ရွက်သွားကြရန်မှာကြားသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်မှု၊ ယာယီအဆောက်အအုံများဆောက်လုပ်ပြီးစီးမှုနှင့်ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ရေချိုးခန်းနှင့် အိမ်သာများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဈေးကွက်အတွင်း ဘိလပ်မြေဈေးနှုန်းများ အဆမတန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့်ကွင်းဆင်းစစ်ဆေး







နေပြည်တော် ဧပြီ ၂၅

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးလှုပ်ခတ်မှုနှင့် ဆက်စပ်၍ ဈေးကွက်၌ ဘိလပ်မြေဝယ်လိုအားမြင့်တက်ခဲ့သဖြင့် အဆမတန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ မြို့ကြီးအချို့တွင် ရောင်းဝယ်လျက်ရှိသည့် ဆောက်လုပ်ရေးပစ္စည်းဆိုင်များကို တာဝန်ရှိသူများပါဝင်သောပူးပေါင်းအဖွဲ့များက ၂၀၂၅ ခုနှစ် ဧပြီလ ၂၃ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် ၅၉ ဆိုင်နှင့် ဂိုဒေါင်တစ်လုံးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၄ မြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် ၈၇ ဆိုင်နှင့် ပြည်ပမှ ဘိလပ်မြေတင်သွင်းရောင်းချသည့် ကုမ္ပဏီသုံးခုတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် ၈၈ ဆိုင်တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိစစ်ကိုင်းမြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် လေးဆိုင်တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်သုံးမြို့နယ်မှဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် ၁၉ ဆိုင်တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင် ၅၉ ဆိုင်တို့ကိုလည်းကောင်း ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ စုစုပေါင်း ဆောက်လုပ်ရေးပစ္စည်းဆိုင် ၃၂၀ ဆိုင်ကို စစ်ဆေးချက်တွေ့ရှိချက်များအရ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ အမြတ်ယူရောင်းချလျက်ရှိသည့် ၃၀ ဆိုင်၊ ဝယ်ရင်းဈေးထက် အမြတ်ရာခိုင်နှုန်း ၁၅ ရာခိုင်နှုန်းနှင့်အထက် အမြတ်ယူရောင်းချလျက်ရှိသော ၃၂ ဆိုင်နှင့် ဘိလပ်မြေအိတ်များအား မသမာသည့်နည်းလမ်းဖြင့် ပြုလုပ်ရောင်းချသည့် တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ရတနာသီရိရပ်ကွက်တွင် ဖွင့်လှစ်ထားသည့် ပြည့်စုံအောင် အိမ်ဆောက်ပစ္စည်းဆိုင်ပိုင်ရှင် စိုးတင့်အောင် အပါအဝင် ရှစ်ဦးတို့ကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် အိမ်ဆောက်ပစ္စည်းများကို ဈေးနှုန်းမြင့်မားစွာမြှင့်တင်ရောင်းချသူများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့်နေ့အပူချိန်များ

၂၅-၄-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၅ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယက် | မင်းကင်း | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | ကလေးဝ | ၄၂ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | မုံရွာ | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပို ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသော မဟာနက်ဝိုင်ဖိုင်ရုံးအဆောက်အအုံအတွင်းမှတွေ့ရှိခဲ့သည့် ငွေကျပ် သိန်း ၁၀၀ နှင့်လက်ကိုင်ဖုန်း ၅ လုံးကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ရွှေမုဋ္ဌောစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မဟာမုနိဘုရားကြီးသို့သွားရောက်၍ ကျောက်စာတိုက်နေရာအား ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများအမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအား မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအားမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၂၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီများ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများအား ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံတို့မှ ရောဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကိုလည်းကောင်း၊ သောတပန်ရပ်ကွက်၊ သံပုဏ္ဏာရာမကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဒဏ်သင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူများအတွက် တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့မှ လိုအပ်သည့်ဆေးကုသပေးနေမှုများကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော လူနေအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ကယ်ဆယ်ရေးပစ္စည်းများ လက်ခံ/ထုတ်ပေးရေးဌာနမှ ကယ်ဆယ်ရေးပစ္စည်းကိုလည်းကောင်း၊ တကောင်းရပ်ကွက်၊ စကုမော် ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းရှိငလျင်ဘေးသင့်ပြည်သူများနေထိုင်စားသောက်မှုအခြေအနေများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့၌ ပြိုကျပျက်စီးနေမှုများကို ဖယ်ရှားရှင်းလင်းနေမှုနှင့် (၂၀၂၅-၂၀၂၆) ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ပန်းပဲတန်းရပ်ကွက်ရှိငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးနေသောမဟာနက်ဝိုင်ဖိုင်ရုံးအဆောက်အအုံများကို ဖယ်ရှားရှင်းလင်းနေမှုများကိုကြည့်ရှုစဉ် အဆောက်အအုံအတွင်းမှ ငွေကျပ်သိန်း ၁၀၀ နှင့်လက်ကိုင်ဖုန်း ၅ လုံးကိုတွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်တို့သည် ကျောက်ဆည်မြို့၊ စုကြီးရပ်ကွက်၊ ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျင်းပပြုလုပ်သော ကျောက်သေတ္တာကြီးအား ပြန်လည်မွမ်းမံပြင်ဆင်မည့်လုပ်ငန်းအခြေအနေများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်တို့သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ဒေါက်တာယုမောင်နှင့်အဖွဲ့များ၊ တာဝန်ရှိသူများနှင့်အတူ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှုအခြေအနေများ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးခြင်း၊ ဆက်လက်ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးခြင်း၊ ကျောက်သေတ္တာကြီးတည်ရှိရာ ရွှေသာလျောင်းတောင်စောင်းပေါ်သို့တက်ရောက်၍ မြေပြင်အခြေအနေအသေးစိတ်စစ်ဆေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့်ထိခိုက်ခဲ့သည့် ရွှေသာလျောင်းဘုရားမုခ်ဦးဖြိုဖျက်နေမှု၊ ဈေးဆိုင်ခန်းများ ရှင်းလင်းနေမှု၊

**စာမျက်နှာ ၇ သို့●**

## ဆက်သွယ်ဆောင်ရွက်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

နေပြည်တော်တည်ဆောက်ရေး အထူးဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်သည့် ရုံး/ဌာနအဆောက်အဦများ၊ အထူးအဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ၊ အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများအပါအဝင် အခြားအဆောက်အဦတည်ဆောက်ရေးလုပ်ငန်းများတွင် တည်ဆောက်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များမှတစ်ဆင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်-

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်**

(၁) ဦးဇော်ထွန်း၊ ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၆၉၆၀၀၆၉၉၉)။

(၂) ဒေါ်ချယ်ရီလှမောင်၊ ဒုတိယဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ (၀၉-၅၀၀၅၆၇၈)။

**ဆက်သွယ်ရမည့်လိပ်စာ**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ။

**အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၈°C / ၃၉°C |
| ရန်ကုန် | ၂၅°C / ၃၈°C |
| မန္တလေး | ၃၀°C / ၄၁°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**● စာမျက်နှာ ၆ မှအဆက်**

လမ်းနှင့်မလွတ်ကင်းသော ထရန်စဖော်မာအား နေရာပြောင်းရွှေ့ဆောင်ရွက်နေမှုများနှင့်ရွှေမုဋ္ဌောစေတီတော်ကြီး၌ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ရေနားဘုန်းတော်ကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား သန့်ရှင်းရေးပြုလုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စားသောက်ဖွယ်ရာများပေးအပ်ပြီး ကာရေနားကျောင်းဆရာတော်အား အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်ဆည်မြို့၊ အေးမြကြည်လင်ရပ်ကွက်၊ တံစိုးလမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အဦအား ယန္တရားစက်ဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အဦများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိအဆောက်အဦ ၁၆၅၄ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နိုင်မည့်အဆောက်အဦ ၁၄၁၉ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အဦ ၂၃၅ လုံးမှ အဆောက်အဦ ၁၆၇ လုံး ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အဦ ၆၈ လုံးဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာ၌ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားကြီးအား ဘုရားဖူးပြည်သူများလာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဘုရားကြီး၏အရှေ့ဘက် စမြင်နေရာအား ယာယီဒေါက်တိုင်များထောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများ၊ ကျောက်စာတိုက်နေရာ၊ ခြေတော်ရာနေရာနှင့် CCTV များ ပြန်လည်တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း၊ ဘုရားနီဆုတောင်းပြည့်ဘုရား၊ အမ်ဘီကာမယ်တော်ကျောင်း၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ထိပ်စုကြီးမြတ်စွာဘုရား၊ ချမ်းမြသာစည်မြို့နယ်ရှိ ဂရိတ်ဝေါ(လ်) ဟိုတယ်၊ နန်းမြို့ရိုးနေရာများသို့သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများ၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအတွက် စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ယခုနှစ် နွေစပါးရိတ်သိမ်းချိန် ပဲခူးရိုးမမှဆင်များ ဝင်ရောက်လာခြင်းမရှိ၍ နွေစပါးခင်းများထိခိုက်မှုမရှိခဲ့

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ တိုက်ကြီးနှင့် လှည်းကူးမြို့နယ်တို့အတွင်းရှိ နွေစပါးစိုက်ခင်းများသို့ ပဲခူးရိုးမမှ ဆင်အုပ်များ နှစ်စဉ်ဝင်ရောက်စားသောက်ခြင်းနှင့် လူနှင့်ဆင်ပဋိပက္ခဖြစ်ပွားခြင်းတို့ ကြုံတွေ့ရလေ့ရှိရာ ယခုနှစ်နွေစပါးရိတ်သိမ်းချိန်၌ ပဲခူးရိုးမမှဆင်များ ယနေ့အထိဝင်ရောက်လာခြင်းမရှိ၍ တောင်သူများ နွေစပါးများကို စိတ်အေးချမ်းသာစွာ ရိတ်သိမ်းနိုင်ခဲ့ကြောင်း လှည်းကူးမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

နှစ်စဉ် သင်္ကြန်ကာလရာသီဥတုပူပြင်းချိန်တွင် ပဲခူးရိုးမရှိ စမ်းချောင်းများ ရေခန်းခြောက်မှုကြောင့် ဆင်အုပ်များအတွက် အစာနှင့်ရေရှားပါးလာကာ ရိုးမတောင်ခြေကျေးရွာများအနီးနှင့်တောစပ်များရှိ အိုင်များနှင့်လျှိုမြောင်တို့တွင် ရေသောက်၍ စပါးခင်းများကို ညပိုင်းတွင်ဝင်ရောက်စားသောက်လေ့ရှိရာ နံနက်ပိုင်းတောင်သူများ စပါးခင်းသို့လာရောက်ချိန် ဆင်များနှင့်ကြုံတွေ့ရလေ့ရှိပြီး ဆင်နှင့်လူပဋိပက္ခဖြစ်ပေါ်မှုမရှိစေရန် သက်ဆိုင်ရာမြို့နယ်အလိုက် သစ်တောဦးစီးဌာနမှ တောဆင်များကို မောင်းထုတ်ခြင်းနှင့် ကျေးရွာများတွင် အသိပညာပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

“ဒီအချိန်ဆိုရင် ရိုးမကဆင်တွေ စပါးခင်းတွေထဲဝင်ပြီး စားသောက်နေတာကြောင့် မောင်းထုတ်နေရတဲ့အချိန်ပါ။ ဒီနှစ်နွေစပါးရိတ်သိမ်းချိန်မှာ ဆင်အုပ်တွေမလာတာက ရိုးမပေါ်မှာ သင်္ကြန်ကာလ မိုးရွာသွန်းခဲ့လို့ အင်းအိုင်တွေရေဝင်ပြီး ရေရခဲ့တဲ့အတွက် ဆင်အုပ်တွေ တောင်အောက်ကို ဆင်းမလာကြတာဖြစ်ပါလိမ့်မယ်။ နွေစပါးရင့်မှည့်နေချိန်ဆိုရင် ပုံမှန်ဝင်ရောက်လေ့ရှိတာကြောင့် မနှစ်က သုံး၊ လေးရွာတော့ ဆင်ဝင်သွားပါတယ်။ မတ်လဆိုရင် တောင်ပေါ်က ဆင်းလာပြီး သင်္ကြန်ကာလမှာ စပါးခင်း၊ ကြံခင်းတွေစားပြီးတော့ မိုးသံကြားတာနဲ့ တောင်ပေါ်ကို ပြန်တက်လေ့ရှိပါတယ်။ ဒီနှစ်မှာ ဧပြီလကုန်တော့မယ့် ရွာနီးစပ်နဲ့စပါးခင်းတွေထဲ ဆင်ဝင်တဲ့အသံမကြားရသေးပါဘူး။ တောင်သူတွေအတွက်တော့ စိတ်အေးချမ်းစရာပါပဲ။ အဓိက လူနဲ့ဆင်ပဋိပက္ခမဖြစ်အောင် ဌာနအနေနဲ့အသိပညာပေးလုပ်ငန်းတွေကို ရာသီအလိုက် စဉ်ဆက်မပြတ်ဆောင်ရွက်နေတဲ့အတွက် အရင်နဲ့စာရင် ဆင်နဲ့လူထိခိုက်မှုလည်းနည်းလာပါတယ်”ဟု လှည်းကူးမြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဝင်းနိုင်က ပြောသည်။

ယမန်နှစ်က လှည်းကူးမြို့နယ်၌ လေးအိမ်စု၊ ရေနက်ကြီး၊ တောင်ထပ်ကျေးရွာ စသည့်ရိုးမတောင်ခြေအနီးရှိ ကျေးရွာများနှင့် တိုက်ကြီးမြို့နယ်တို့အတွင်းရှိ ဖလုံ၊ စမ်းရွာ၊ မီးလောင်ကုန်း၊ ဖဒို၊ ပေနှစ်ဆယ်၊ ကွမ်းသီးမြောင်၊ အလယ်မြောင်၊ မအူခုံနှင့်ချောင်းစောက်ရွာတို့ရှိစပါးခင်းများနှင့် ကြံခင်းများသို့ ဆင်များဝင်ရောက်ခဲ့ပြီး ဆင်အုပ်တစ်အုပ်လျှင် ကောင်ရေ ၁၀ ကောင်မှ ၁၅ ကောင်အထိ လှည့်လည်သွားလာခဲ့ကြကာ အချို့သင်းကွဲဆင်များလည်း ပါဝင်ကြောင်း၊ ပဲခူးရိုးမမှဆင်းလာသော ဆင်အုပ်များသည် တောင်ခြေစပါးခင်းများအနီးနှင့် တောစပ်၊ လျှိုမြောင်တို့တွင် နေထိုင်ကြလေ့ရှိပြီး မေလနှောင်းပိုင်းနှင့်ဇွန်လဆန်းပိုင်းတို့တွင် ရိုးမတောအတွင်းသို့ ပြန်လည်ဝင်ရောက်ကြလေ့ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဆင်များကို အပြည့်အဝကာကွယ်စောင့်ရှောက်ထားသော တိရစ္ဆာန်အဖြစ်သတ်မှတ်ထားပြီး သတ်ဖြတ်မှုကိုလည်းတားမြစ်ထားရာ စိုက်ခင်းနှင့်ကျေးရွာတွင်းသို့ တောဆင်ရိုင်းများမဝင်ရောက်နိုင်ရန် လူနှင့်ဆင်အသက်အန္တရာယ်ထိခိုက်မှုမရှိနိုင်သော လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ လျှပ်စစ်ခြံစည်းရိုးများတပ်ဆင်နိုင်ရေး သစ်တောဦးစီးဌာနနှင့် NGO အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မိုးစပါးရာသီ၌ တောဆင်ရိုင်းများဝင်ရောက်လာမှုမရှိ၍ ကျေးရွာများတွင် ရိတ်သိမ်းနေသော နွေစပါးစိုက်ခင်းများ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**သစ္စာ(MNA)**

**၂၅-၄-၂၀၂၅ မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | | |
|---|---|---|---|---|
| ကော့သောင်း | ၁ | ဒသမ | ၂၆ | လက်မ |
| ကျိုက်မရော | သုည | ဒသမ | ၆၃ | လက်မ |
| ပြည် | သုည | ဒသမ | ၂၄ | လက်မ |
| မုဒုံ | သုည | ဒသမ | ၂၀ | လက်မ |
| ချောင်းဆုံ | သုည | ဒသမ | ၀၈ | လက်မ |
| မိုင်းယောင်း | သုည | ဒသမ | ၀၈ | လက်မ |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၂၅**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (၅၀၀)

# သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးအသိပညာပေး

ပေါက်ပေါက်



**သဘာဝဘေးအန္တရာယ်အမျိုးအစားများ**

မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ (Natural Disasters) ဖြစ်ပွားလေ့ရှိပြီး လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များလည်း ဖြစ်ပွားလေ့ရှိသည်။ ဘေးအန္တရာယ်များကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားသည်။

**(က)မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာ ဘေးအန္တရာယ်များ**

ဆိုင်ကလုန်းမုန်တိုင်း၊ မိုးသည်းထန်ခြင်းကြောင့် လျှပ်တစ်ပြက်ရေလွှမ်းမိုးခြင်း၊ မြစ်ရေကြီးနှင့် မြို့ပြရေလွှမ်းမိုးခြင်း၊ မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ မိုးခေါင်ရေရှားခြင်းတို့ဖြစ်သည်။

**(ခ) မြေမျက်နှာပြင်ဆိုင်ရာ ဘေးအန္တရာယ်များ**

ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ တောမီးလောင်ခြင်းမီးတောင်ပေါက်ကွဲခြင်း၊ မြေနိမ့်ဒေသများ ရေလွှမ်းမိုးခြင်း၊ ကမ်းရိုးတန်းဒေသများ ဒီရေလွှမ်းမိုးခြင်း၊ ဆူနာမီရေလှိုင်းနှင့် ရေလွှမ်းမိုးခြင်းတို့ဖြစ်သည်။

**(ဂ) ဇီဝဗေဒဆိုင်ရာ ဘေးအန္တရာယ်များ**

ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားခြင်း၊ အင်းဆက်ပိုးမွှားကျရောက်ခြင်းနှင့် ဇီဝလက်နက်များဖြစ်သည်။

**(ဃ) မတော်တဆမှုများနှင့် စက်မှုနည်းပညာဆိုင်ရာ ဘေးအန္တရာယ်များ**

မီးလောင်ခြင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်မတော်တဆမှုများ ဥပမာ- ခရီးသည်ယာဉ်၊ ရထားတိမ်းမှောက်ခြင်း၊ ရေယာဉ်နစ်မြုပ်ခြင်း၊ လေယာဉ်ပျက်ကျခြင်း၊ မိုင်းတွင်းနှင့်အဆောက်အအုံပြိုကျခြင်း၊ ဓာတုစက်ရုံများနှင့် နျူကလီးယားဓာတ်အားပေးစက်ရုံများ ပေါက်ကွဲခြင်း၊ ဓာတုလက်နက်နှင့် နျူကလီးယားလက်နက်များဖြစ်သည်။

**(င) လူမှုရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ**

စစ်ပွဲများ၊ အကြမ်းဖက်မှုများ၊ လူမှုအဓိကရုဏ်းများဖြစ်သည်။

**သဘာဝဘေးနှင့်ပတ်သက်၍ သိထားသင့်သောအချက်များ**

သဘာဝဘေးအန္တရာယ်များတွင် ကြိုတင်ခန့်မှန်းနိုင်သော ဘေးအန္တရာယ်များရှိသကဲ့သို့ ခန့်မှန်းရန်ခက်ခဲသော ဘေးအန္တရာယ်များလည်းရှိသည်။ ဥပမာ- ဆိုင်ကလုန်းမုန်တိုင်းနှင့် ရေလွှမ်းမိုးခြင်းကဲ့သို့ တချို့သောဘေးအန္တရာယ်များကို ကြိုတင်ခန့်မှန်း၍ ရနိုင်သော်လည်း ဥပမာ - မြေငလျင်လှုပ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များမှာ ကြိုတင်ခန့်မှန်းရန်ခက်ခဲသည်။ သို့ဖြစ်ရာ ကြိုတင်ခန့်မှန်း၍ရနိုင်သော ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ ဘေးအန္တရာယ်များအတွက် မိုးလေဝသသတင်းများကို အမြဲနားထောင်သင့်သည်။ မြန်မာနိုင်ငံ၌ မိုးလေဝသသတင်းများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်များနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသဖြင့် အဆိုပါမိုးလေဝသသတင်းများကို အမြဲမပြတ်နားထောင်ပြီး ဘေးအန္တရာယ်အသိပေးချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

**"မြေငလျင်လှုပ်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များမှာ ကြိုတင်ခန့်မှန်းရန်ခက်ခဲသည်။ သို့ဖြစ်ရာ ကြိုတင်ခန့်မှန်း၍ရနိုင်သော ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ ဘေးအန္တရာယ်များအတွက် မိုးလေဝသသတင်းများကို အမြဲနားထောင်သင့်သည်။ မြန်မာနိုင်ငံ၌ မိုးလေဝသသတင်းများကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးချက်များနှင့်အတူ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသဖြင့် အဆိုပါမိုးလေဝသသတင်းများကို အမြဲမပြတ်နားထောင်ပြီး ဘေးအန္တရာယ်အသိပေးချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်. . ."**

**သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်**

- မိုးလေဝသသတင်းများ၊ ဘေးအန္တရာယ် သတိပေးချက်များနှင့် ကျန်းမာရေးအသိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ပါ။
- ဘေးအန္တရာယ်မကျရောက်မီအချိန်ကတည်းက အစားအစာ၊ သောက်သုံးရေနှင့် ပုံမှန်သောက်သုံးနေကျဆေးဝါးများအား အသင့်ကြိုတင်စုဆောင်းထားပါ။ ဆေးဝါးပြတ်လပ်မှုရှိပါက ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။
- တာဝန်ရှိသူများ၏ညွှန်ကြားချက်များအတိုင်း မိုးဒဏ်၊ လေဒဏ်ခံနိုင်သော အဆောက်အအုံ၌နေထိုင်ပါ။
- ရာသီဥတုနှင့်လျော်ညီပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ဝတ်စားဆင်ယင်ပါ။
- ရေမျောစာများ၊ အမှည့်လွန်အစာများ၊ ယင်နားစာများ မစားပါနှင့်။ အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ။
- ရေသန့်ဆေးထုပ်၊ ကလိုရင်းခတ်ထားသောရေ သို့မဟုတ် ကျိုချက်ထားသောရေ သို့မဟုတ် ယုံကြည်စိတ်ချရသောရေသန့်ကိုသာ သောက်ပါ။
-ယင်လုံအိမ်သာကို စနစ်တကျသုံးစွဲပါ။
-တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။ အစာမစားမီ၊ အစားအစာ ချက်ပြုတ်ပြင်ဆင်ခြင်း မပြုမီ၊ အညစ်အကြေးကိုင်တွယ်ပြီးတိုင်း၊ အိမ်သာသွားပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- အမှိုက်များကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ အမှိုက်ပုံကို ထုံးဖြူးခြင်း စသည်ဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ။
- ခြင်ကိုက်မခံရအောင် ဂရုပြုနေထိုင်ပါ။ မည်သည့်အချိန်တွင်မဆို ခြင်ထောင်ဖြင့်သာ အိပ်စက်ပါ။ ပိုးလောက်လမ်းနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။
- မြွေဆိုးအန္တရာယ်၊ ဓာတ်လိုက်မှုအန္တရာယ်နှင့် ထိခိုက်ဒဏ်ရာရရှိနိုင်သည့်အခြေအနေတို့ကို ဂရုပြုနေထိုင်ပါ။
- ဘေးအန္တရာယ် ကျရောက်သောဒေသများ၌ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ပါ။
- ဘေးအန္တရာယ်ကျရောက်ပြီးနောက် အဆုတ်ရောဂါ၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ မြွေဆိုးအန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမှု စသည့်ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်ပြီး အကယ်၍ ဖြစ်ပွားပါက နီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဝန်ထမ်းထံတွင် ပြသပါ။

**အရေးပေါ်ဒဏ်ရာကုသမှု**

သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ ပြည်သူများတွင် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားနိုင်သည့်အတွက် ယင်းဒဏ်ရာများကို သက်သာပျောက်ကင်းစေရန်နှင့် ရောဂါပိုးဝင်ရောက်ခြင်းတို့မှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်အလက်များကို လိုက်နာဆောင်ရွက်ပါ။

- အရေပြားပွန်းပဲ့/ ပေါက်ပြဲဒဏ်ရာဖြစ်ပွားပါက မသန့်ရှင်းသောရေနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။
- ဒဏ်ရာအား ကုသမည့်လက်ကို ဆပ်ပြာနှင့် ရေသန့်တို့ဖြင့် သေချာစွာဆေးကြောပါ။
- ဒဏ်ရာတွင် အရာဝတ္ထုများ ဝင်ရောက်နေခြင်းမရှိပါက ဒဏ်ရာကုသနေစဉ်အတွင်း ယင်းဒဏ်ရာကို လက်နှင့်မထိပါနှင့်။ (ဖြစ်နိုင်လျှင် ပိုးသတ်ထားသော တစ်ခါသုံးလက်အိတ်ကို အသုံးပြုပါ)
- ဒဏ်ရာရနေသော ခန္ဓာကိုယ်အစိတ်အပိုင်းမှ လက်ဝတ်ရတနာများနှင့် အဝတ်အစားများကို ဖယ်ရှားပါ။
- အပူလောင် ဒဏ်ရာငယ်များအား သန့်ရှင်းသောရေအေးဖြင့် လောင်းပေးပါ သို့မဟုတ် သန့်ရှင်းသောအဝတ်စိုဖြင့် ကပ်ပေးပါ။ အပူလောင်ဒဏ်ရာမှ အရည်ကြည်ဖုများကို ဖောက်ထုတ်ခြင်း မပြုလုပ်ပါနှင့်။
- အပူလောင်ဒဏ်ရာကို သန့်ရှင်းသောအဝတ် သို့မဟုတ် ပတ်တီးဖြင့် ညင်သာစွာ ကာကွယ်ထားပါ။ တင်းကျပ်စွာ စည်းနှောင်ခြင်းမပြုပါနှင့်။
- ထိခိုက်/ရှနာ ဒဏ်ရာများတွင် သွေးထွက်နေပါက သွေးထွက်ခြင်းကို ထိန်းချုပ်နိုင်ရန် ယင်းနေရာကို သန့်ရှင်းသောအဝတ် သို့မဟုတ် ပတ်တီးဖြင့်ဖိထားပါ။ ဖြစ်နိုင်လျှင် ဒဏ်ရာနေရာကို နှလုံးနေရာထက် မြှင့်ထားပါ။
- သွေးတိတ်သွားပြီးနောက် ဒဏ်ရာကို ရေသန့် သို့မဟုတ် သန့်စင်သောရေဖြင့် ညင်သာစွာဆေးကြောပါ။
- ဒဏ်ရာတစ်ဝိုက်ကိုလည်း ဆပ်ပြာနှင့် ရေသန့်တို့ဖြင့် ညင်သာစွာ ဆေးကြောပါ။
- ဒဏ်ရာတွင် အညစ်အကြေးနှင့် အရာဝတ္ထုများ ဝင်ရောက်နေခြင်း ရှိ/မရှိ စစ်ဆေးပါ။ ရှိနေပါက ဖယ်ရှားပါ။ သေချာစွာမသန့်ရှင်းထားသော ဒဏ်ရာများတွင် ဗက်တီးရီးယားပိုးများ ခိုအောင်းနိုင်ပြီး ရောဂါပိုးဝင်နိုင်ပါသည်။
- ဆေးကြောပြီးနောက် ဒဏ်ရာကို ခြောက်အောင်သုတ်ပြီး ပတ်တီး သို့မဟုတ် သန့်ရှင်းသောအဝတ်ဖြင့် စည်းပေးပါ။ ဖြစ်နိုင်လျှင် ရေစိုခံ ပတ်တီးကိုသုံးပါ။
- ဖြစ်နိုင်လျှင် ဒဏ်ရာရရှိသူအား အကိုက်အခဲပျောက်ဆေးတိုက်ပါ။
- ဒဏ်ရာကို အနည်းဆုံး ၂၄ နာရီတိုင်း တစ်ကြိမ် ပြန်စစ်ဆေးပေးပါ။

**အောက်ပါလက္ခဏာများ ရှိပါက အမြန်ဆုံးဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပါ**

- မီးလောင်/ အပူဒဏ်ရာရရှိသည့် ခန္ဓာကိုယ်နေရာ များပြားခြင်း၊
- သွေးထွက်နေသောဒဏ်ရာကို အချိန်ငါးမိနစ်ကျော်ကြာ ဖိထားသည့်တိုင် သွေးမတိတ်ခြင်း၊
- ဒဏ်ရာတွင် အညစ်အကြေးနှင့် အရာဝတ္ထုများ ဝင်ရောက်နေခြင်း ( ဥပမာ မြေကြီး၊ သစ်သားစ၊ သတ္တုစ သို့မဟုတ် တခြားအရာများ)၊
- တိရစ္ဆာန်အကိုက်ခံရသည့် ဒဏ်ရာဖြစ်ခြင်း၊
- ညစ်ညမ်းသည့် အရာဝတ္ထုတစ်စုံတစ်ရာဖြင့် ထိုးဝင်၊ ထိုးဖောက်၊ ထိခိုက်သည့်ဒဏ်ရာဖြစ်ခြင်း၊
- ဒဏ်ရာတွင် ရောဂါပိုးဝင်သော လက္ခဏာများရှိခြင်း (ဒဏ်ရာနီရဲရောင်ရမ်းခြင်း၊ ဒဏ်ရာမှ ပြည်နှင့်အရည်များ စိမ့်ထွက်ခြင်း၊ အလွန်နာကျင်ခြင်း)၊
- သွေးဆိပ်တက်သည့် လက္ခဏာများ ရှိခြင်း ( ဒဏ်ရာရရှိသူတွင် ကိုယ်အပူချိန်တက်ခြင်း၊ ချမ်းတုန်ဖျားခြင်း၊ အသက်ရှူမဝခြင်း၊ နှလုံးခုန်နှုန်းမြန်ဆန်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်း၊ ချွေးစေးများထွက်ခြင်း၊ ခြေလက်များ အေးစက်နေခြင်း)၊
- မည်သို့သောဒဏ်ရာများ ရရှိသည်ဖြစ်စေ မေးခိုင်ကာကွယ်ဆေးထိုးနှံမှုခံယူရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးအသိပညာပေး ရေးသားတင်ပြလိုက်ရပါသည်။

## အလွတ်တန်းဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



**တောင်ကြီး ဧပြီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် ဖူဆယ်ဆပ်ကော်မတီနှင့် ဖြူစိမ်း Iconsport တို့မှပူးပေါင်း၍ အလွတ်တန်းဖိတ်ခေါ် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပသည်။

ရှေးဦးစွာ MONG TAI အသင်းနှင့် ADDNIS အသင်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ MONG TAI အသင်းက ADDNIS အသင်းကို ၅ ဂိုး ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ Rhino၊ ဖြူစိမ်း Iconsport နှင့် ဖူဆယ်ချစ်သူပရိသတ်များက လျော်ဘေးအတွက် အလှူငွေကျပ် ၅၈၀၃၄၀၀ အား ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင်က လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တာဝန်ရှိသူတို့က အလွတ်တန်းဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော MONG TAI အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေကျပ် ၁၀ သိန်းနှင့် ပထမဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ADDNIS အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော ဆောက်သမ်ချယ်ရီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် ဂိုးသွင်းအများဆုံးဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ အသက်၃၈ နှစ်အထက် ပထမဆုရရှိသော Apple FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော Ac FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်းသိရသည်။ (၅၀၅)

## နှမ်းစပါးနှင့်နှမ်းသီးနှံအောင်ချက်ပြည့်မီရေးနှင့် ရေရရှိရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နှမ်းစပါးနှင့်နှမ်းသီးနှံ အောင်ချက်ပြည့်မီရေးနှင့် စိုက်ပျိုးရေမှုတစ္စာရရှိရေး မြို့နယ်/ ကျေးရွာအုပ်စု စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့များနှင့် တွေ့ဆုံခြင်းကို ဧပြီလ၂၄ ရက်ကဆောင်ရွက်သည်။

ရှေးဦးစွာ တပ်ကုန်းမြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူက မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် နှမ်းစပါးနှင့် နှမ်းသီးနှံစိုက်ခင်းများ ဆင်သေရေလွှဲဆည်မှ လက်ဝဲမြောင်းထွက်ရေများ အခက်အခဲဖြစ်ခဲ့ကြောင်း၊ ဆိုလာစနစ်ဖြင့် ရေတင်နိုင်ရေးနှင့် မြောင်းရှင်း၊ မြောင်းဖျားတောင်သူများ ဆည်ရေကို အကျိုးရှိရှိ မျှတစွာအသုံးချရေး ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးမင်းထွန်းက နှမ်းစပါးစိုက်တောင်သူများ ရေအခက်အခဲကြောင့် စိုက်ခင်းများအောင်မြင်မှုနှင့်အပင်ပွားနှုန်းများ ကုစားမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ဆင်သေရေလွှဲဆည်အတွင်းမှရေများကို လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှ တစ်ဆင့် ရေပေးဝေမှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မြို့နယ်/ ကျေးရွာအုပ်စု စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့များက ဆိုလာစနစ်ဖြင့် မြေအောက်ရေအသုံးပြုရေး၊ ရေသွယ်လမ်းများ ရှင်းလင်းတင်ပြရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။ (၄၁၃)

## ကျွန်းလှမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းကွင်းသရုပ်ပြ

**ကျွန်းလှ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာ တောင်သူ ဦးသန်းထွန်းဦး၏ ကွင်းအမှတ် (၂၉၂) လယ်မြေ ၅ ဧကတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် လယ်မြေများ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲကို ဧပြီလ ၂၅ ရက်တွင်ဆောင်ရွက်သည်။



ကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဒေါ်တူးတူးမာက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ကြဲပက်ရခြင်းအကြောင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ပင်အမျိုးအစားအလိုက် ပါဝင်သောအာဟာရဓာတ်များ၊ ထယ်ထိုးမြေမြှုပ်နှံရမည့်အချိန်ကာလနှင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီနှင့် တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့များပေးအပ်ပြီး လယ်မြေများအတွင်း လက်တွေ့ကြဲပက်ခြင်းဆောင်ရွက်ကြောင်းသိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

## တစ်သားတည်းအတူ

❖ အားသစ်ယူ အပြစ်မထားတဲ့
အချစ်များနဲ့ ပြည်ကျိုးဆောင်
ပြည်ချစ်သားမောင်။
ဖွဲ့လို့လ ထိပ်ခေါင်
ပြည့်ဂုဏ်နောင် ဘယ်မညှိုး။
သစ္စာဆို အဓိဋ္ဌာန်မပျက်လျက်
ရှေ့ဆက်သယ်ပိုး။

❖ ပြည်သူ့အတွက်ကို ကိုယ်ကျိုးမဖက်
ရိုကျိုးမပျက် ရှေ့ဦးဆောင်
ထမ်းဆောင်သည့်မောင်။
ထွန်းလင်းအမြဲ မီးရှူးတန်ဆောင်
ရွှေရောင်လို တောက်ပ။
အာဇာနည် သူ့ရဲကောင်းတွေကြောင့်
ရန်ပေါင်းမခ။

❖ ဘေးရန်တွေ ပြည်မခဖို့
ရည်မျှခဲ့ စိတ်စေတနာ
ဖယ်ရှားရှင်းမှာ။
စိမ်းစိုတဲ့ တို့ပြည်ရွာ
ရတနာတွေ အလျှံပြည့်။
ကိုယ်ပိုင်စာ ကိုယ်ပိုင်စနစ်နဲ့
အုတ်မြစ်တွေရှိ။

❖ ငြိမ်းချမ်းစွာ ပကတိနှင့်
အသင့်ရှိ မြန်မာ့တပ်မတော်
မြန်မာ့မြေပေါ်။
နိုင်ငံကို ထိပါးကျူးကျော်
လားလားနော်မကြောက်။
အမိမြေထက်က
တစ်လက်မ မပျောက်။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ
လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။

# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**နေပြည်တော် ဧပြီ ၂၅**

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ယနေ့တွင် ဦးမြတ်ဦး+ဒေါ်ခင်ဦး မိသားစုက ငွေကျပ်သိန်း ၅၀၀ နှင့် မန္တလေးအခြေစိုက် ရှမ်းနီလူမှုရေးအသင်းက ငွေကျပ်သိန်း ၁၅၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန (DMC) ရုံးသို့ လာရောက်ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နှင့်စစ်ကိုင်းမြို့တို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့်ပုဂ္ဂလိကဘဏ်ခွဲများ၏ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဆောင်ရွက်ပေးနေမှု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လှည့်လည်ကြည့်ရှု



**နေပြည်တော် ဧပြီ ၂၅**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မန္တလေးမြို့၊ အမရပူရမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်ခွဲများ၏ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးနေသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများနှင့် ရင်းနှီးနွေးထွေးစွာတွေ့ဆုံသည်။

နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ CB Bank၊ ကမ္ဘောဇဘဏ်နှင့် ရောဝတီဘဏ်တို့ကို လည်းကောင်း၊ အမရပူရမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ရောဝတီဘဏ်တို့ကိုလည်းကောင်း၊ မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁)၊ မြန်မာနိုင်ငံသားများဘဏ်၊ CB Bank ၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ်၊ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်နှင့် ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် သက်ဆိုင်ရာဘဏ်ခွဲများမှ ဘဏ်လုပ်ငန်းဝန်ဆောင်မှု စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်သည့်အခြေအနေ၊ ထိခိုက်ပျက်စီးမှုကြီးမား၍ ပြန်လည်မွမ်းမံတည်ဆောက်နေသည့် ဘဏ်ခွဲများအား နီးစပ်ရာအခြားဘဏ်ခွဲများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုပေးနိုင်သည့် အခြေအနေ၊ Customer များ၏ တောင်းဆိုချက်အပေါ် မူတည်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှု အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးနိုင်ရေးအတွက် Mobile Car များ၊ ATM ၊ Agent Banking၊ Digital Banking တို့ဖြင့် ဝန်ဆောင်မှုပေးနေသည့်အခြေအနေများနှင့် ပင်စင်စားများကို ပင်စင်ငွေထုတ်ပေးမှု၊ အပ်ငွေအသွင်း၊ အထုတ်၊ ငွေလွှဲဆောင်ရွက်ပေးမှု အခြေအနေများနှင့် အခြားလိုအပ်ချက်များ မေးမြန်းပြီး လိုအပ်သည်များပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)မှ မြန်မာ့စီးပွားရေးဘဏ် အပါအဝင် ပုဂ္ဂလိကဘဏ်များအား ဘဏ္ဍာငွေဖြည့်ဆည်းပေးနေမှု၊ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နေမှု၊ လုပ်ငန်းသုံးပစ္စည်းများရွှေ့ပြောင်းနေမှု၊ Data Centre ပြောင်းရွှေ့မည့်အစီအစဉ်များ၊ လျှင်ဘေးသင့်သည့်နေရာမှ ဝန်ထမ်းအိမ်ရာများရွှေ့ပြောင်းနေမှုနှင့် မန္တလေးဗဟိုဘဏ်ဘဏ်ခွဲအသစ် တည်ဆောက်နေသည့် အဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗဟိုဘဏ်ဝန်ထမ်းများ၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၂ ပါတီရှိပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၂ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတံဆိပ်လေးခုဆွတ်ခူးရရှိ



**ရန်ကုန် ဧပြီ ၂၅**

(၈၅)ကြိမ်မြောက် စင်ကာပူဖိတ်ခေါ် (Singapore SportsHub) ပြိုင်ပွဲကို ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင်ကျင်းပလျက်ရှိရာ ယင်းပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာပြေးခုန်ပစ် အားကစားအဖွဲ့မှ ရွှေလေးခုဆွတ်ခူးရရှိကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ အမျိုးသမီးကြိုးတပ်သံလုံးပစ်တွင် သွယ်သွယ်မိုးက ရွှေတံဆိပ်ကို ၄၇ ဒသမ ၃၈ မီတာဖြင့်လည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်းဝင်းခိုင်က ရွှေတံဆိပ်ကို ၅၉:၁၅ ဒသမ ၆၀ ဖြင့်လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် သန့်စင်အောင်က ရွှေတံဆိပ်ကို ၅၀:၃၆ ဒသမ ၁၁ ဖြင့် လည်းကောင်း၊ အမျိုးသားမီတာ ၈၀၀ ပြိုင်ပွဲတွင် ဟိန်းထက်အောင်က ရွှေတံဆိပ်ကို ၁:၅၀ ဒသမ ၅၉ ဖြင့်လည်းကောင်း အသီးသီးဆွတ်ခူးရရှိကြကြောင်း သိရသည်။

**ဝန်းရံခ**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

# နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေး





နေပြည်တော် ဧပြီ ၂၅

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုလို သဘာဝဘေးအန္တရာယ်ကို မမျှော်လင့်ဘဲကြုံတွေ့ရသည့်အချိန်တွင် ကြုံတွေ့ရသည့်အခက်အခဲများကို သင်ခန်းစာယူပြီး ကြံ့ကြံ့ခံနိုင်ရန်နှင့် ကျော်လွှားနိုင်ရန်၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်၊ ကြိုးစားအားထုတ်ရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မိဘ၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေဆုံးရှုံးမှုများကြုံရပြီး ဝမ်းနည်းပူဆွေးစရာများဖြစ်ရသော်လည်း ခံနိုင်ရည်မကျသွားရန်ပြောကြားလိုကြောင်း၊ ကမ္ဘာ့နိုင်ငံအများစုတွင်သဘာဝဘေးအန္တရာယ်(လျှင်ဘေး၊ ရေဘေး၊ မုန်တိုင်းဘေး) မျိုးစုံကြုံတွေ့နေရကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ဖြစ်ပွားသည့်ငလျင်ဒဏ်ကို အုပ်ချုပ်ရေးမြို့တော်အပါအဝင်ဒေသအများအပြားတွင် ခံစားရသည့်အတွက် နိုင်ငံတော်အနေဖြင့် ကူညီကယ်ဆယ်ထောက်ပံ့ရေးကိစ္စရပ်များကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ဝန်ထမ်းများ နေထိုင်စားသောက်ရေးကိစ္စရပ်များကို အစွမ်းကုန်ဆောင်ရွက်ပေးနေကြောင်း၊ ယခုဆိုလျှင် ငလျင်လှုပ်ခတ်ပြီး တစ်လခန့်ရှိပြီဖြစ်၍ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများနှင့် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် လုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခု တွေ့ဆုံပွဲပြုလုပ်ရသည့်ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏လတ်တလော ကြုံတွေ့နေရဆဲအခက်အခဲများရှိက တင်ပြနိုင်ရန်ဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့်တင်ပြကြရန်နှင့် အတတ်နိုင်ဆုံးစုပေါင်း ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဦးစီးဌာနအလိုက် ဝန်ထမ်းများက ၎င်းတို့၏ လိုအပ်ချက်များကိုတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်စကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးစိန်ဦးအားခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးစိန်ဦးအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၅ ခုနှစ် ဧပြီလ ၂၅ ရက်**

# ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ရန်ကုန်၏ (၁၃)ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့်(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကျင်းပ

ရန်ကုန် ဧပြီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၏ (၁၃) ကြိမ်မြောက်၊ (၁၄)ကြိမ်မြောက်၊ (၁၅)ကြိမ်မြောက်နှင့် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

ဦးစွာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ပါမောက္ခ ဒေါက်တာတင်ထွန်း၊ ပညာရေးအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်စင်မြင့်တွင် နေရာယူကြသည်။

ထို့နောက် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက အဓိဋ္ဌာန်ပြုကတိသစ္စာရွတ်ဆိုကြပြီး ဘာသာရပ်အသီးသီးတွင် ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး)၊ပြည်သူ့ကျန်းမာရေးမဟာဘွဲ့၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့၊ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့နှင့် အာဟာရပညာဒီပလိုမာဘွဲ့များအတွက် ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်ထွန်းက ဘွဲ့များအပ်နှင်းပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)၏ဘွဲ့နှင်းသဘင်အခမ်းအနားများ၌ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး) ငါးဦး၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ ခြောက်ဦး၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ ခြောက်ဦး၊ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ ၂၃ ဦးကိုလည်းကောင်း၊ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင်ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)တစ်ဦး၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ ၁၄ ဦး၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ ၁၀ ဦးကိုလည်းကောင်း၊ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ ၁၅ ဦး၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ ရှစ်ဦး၊ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ ၃၅ ဦးအာဟာရပညာဒီပလိုမာဘွဲ့နှစ်ဦးကိုလည်းကောင်း၊ (၁၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ပါရဂူဘွဲ့ (ပြည်သူ့ကျန်းမာရေး)ငါးဦး၊ ပြည်သူ့ကျန်းမာရေးမဟာဘွဲ့ ၁၄ ဦး၊ ဆေးရုံအုပ်ချုပ်မှုပညာမဟာဘွဲ့ ၁၁ ဦး၊ ဆေးပညာသင်ကြားရေး ဒီပလိုမာဘွဲ့ ၃၈ ဦးတို့အား ဘွဲ့များအပ်နှင်းခဲ့သည်။

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) အနေဖြင့် ယခုဘွဲ့နှင်းသဘင်များအပါအဝင် ယနေ့အထိ ဘွဲ့ရရှိသူစုစုပေါင်း ၁၄၇၄ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီနှင့်စားသောက်ကုန်မျိုးစုံကို သက်သာသောဈေးနှုန်းဖြင့် ၂၆ ရက်မြောက်နေ့ လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံ ဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၆ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ယနေ့အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဒယသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)၊ပြန်ကြားရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ(မနောသုခ-Export Quality) ၉၅၂၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၉၃ အိတ်၊ ဆီ ၂၅၉၇၀ ပိဿာ၊ ဆား ၁၄၄၄ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၀၁၄ ထုပ်၊ ငါးပိ ၂၄၁ ပိဿာ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန် ၄၀ ပိဿာ၊ ငါးမုတ် ၃၀ ပိဿာ၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲခြောက်များ၊ ငါးရောင်ခြောက်များ၊ ကြက်ဥ၊ ဘဲဥများနှင့် ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၈၃ အိတ်၊ စားအုန်းဆီ ၄၅၆၅ ပိဿာ၊ ဆား ၄၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၂၃၅ ဘူး၊ ငါးပိ ၁၅ ပိဿာ၊ ကြက်သွန်နီ ၅၂၇ ပိဿာ၊ အသားတုံ ၂၂ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၁၅ အိတ်၊ စားအုန်းဆီ ၄၆၂၀၀ ပိဿာ၊ ဆား ၄၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၇၄ ထုပ်၊ ငါးပိ ၁၈ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိငလျင်ဘေးသင့်ပြည်သူများအတွက် စစ်တက္ကသိုလ်အမှတ်စဉ်(၄၂) ကျောင်းဆင်းအရာရှိများ၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် အလှူငွေကျပ်သိန်း ၂၅၀ အား ပေးအပ်လှူဒါန်းရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးမြင့်စိုးတို့က လက်ခံရယူစဉ်။ (၅၀၀)

❍ **ကျောဖုံးမှအဆက်**

တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိသင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာယနေ့တွင် အခြေခံစစ်ရေးပြ၊ တပ်မတော်(ရေ)သမိုင်းဘာသာရပ်နှင့် ရေကြောင်းလမ်းညွှန်ဘာသာရပ်တွင်ပါဝင်သည့် GPS မှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဟိန်းဇဲဒေသရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး၊ မြိတ်မြို့ရှိရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ



၂၀၂၅ ခုနှစ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။





၂၀၂၅ ခုနှစ်၊ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

သင်ခန်းစာ၊ နက္ခတ္တဗေဒသင်ခန်းစာ၊ ညွှန်းထောင့်နှင့် Compass သင်ခန်းစာများကို နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်း တန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၅ ဦး၊ နေပြည်တော်စခန်း တန်းခွဲ(၂) ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၁၁၀ ဦး၊ ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်စခန်း ၁၄၀ ဦးနှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၆၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း(၁၁)ခု၌ သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၈၀၀ ဦးတို့ကိုလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၅ ခုတွင် စုစုပေါင်းသင်တန်းသား ၈၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ မိတ္ထီလာမြို့ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦးနှင့် မိတ္ထီလာသင်တန်းစခန်းမှ သင်တန်းသား ၄၈ ဦး၊ မှော်ဘီမြို့ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းမှ သင်တန်းသား ၆၁ ဦး၊ ရန်ကုန်မြို့ရှိ ရန်ကုန်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ မကွေးမြို့ရှိမကွေးသင်တန်းစခန်းမှ သင်တန်းသား ၅၀ ဦး၊ နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်သင်တန်းစခန်းမှ သင်တန်းသား ၆၅ ဦး၊ ကျိုင်းတုံမြို့ရှိ ကျိုင်းတုံသင်တန်းစခန်းမှ သင်တန်းသား ၅၆ ဦးတို့ကို အခြေခံစစ်ရေးပြဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားဘာသာရပ်၊ လေကြောင်းဆိုင်ရာ အခြေခံဗဟုသုတများဘာသာရပ်၊ Airfield Procedure ဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ RC လေယာဉ်/ ရဟတ်ယာဉ် မောင်းနှင်ခြင်းဘာသာရပ်၊ RC Simulator နှင့် Flight Simulator မောင်းနှင်ခြင်းဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ကျန်သင်တန်းစခန်းအသီးသီး၌လည်း ဆက်လက်လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

❑ **အသည်းအစားထိုးမှ**

အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ ဒေါ်ခင်ဦးကြည်နှင့် အသည်းအလှူရှင် ဒေါ်မျိုးမျိုးမြတ်တို့ကို ခွဲစိတ်ကုသခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီအချိန်တွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၃ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၉ နာရီခန့် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှတာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ခွဲစိတ်ကုသမှုများကို ဧပြီလ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်တွင် ပထမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ ၂ ဦးဖြင့်အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့ပြီး အသည်းအစားထိုးခွဲစိတ်ကုသမှုအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု ၃ ကြိမ်၊ လူနာ ၉ ဦး၊ ၂၀၂၄ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု ၃ ကြိမ်၊ လူနာ ၉ ဦးနှင့် ၂၀၂၅ ခုနှစ်အတွင်း လူနာ ၃ ဦးတို့အားအောင်မြင်စွာခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခု န၀မအကြိမ်မြောက်အသည်းအစားထိုးခွဲစိတ်ကုသမှုကို လူနာ ၃ ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်**

**လိုက်နာဆောင်ရွက်ရန်အချက်များ**

➢ အရိပ်ရ၍အေးမြသောနေရာများတွင်သာနေပါ၊
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
➢ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကိုတတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(မတ်လ၊ ၂၀၂၅)


# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၅**

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

# တန်ခူးလ စာအလင်္ကာများ

**မောင်လူမွှေး(မြန်မာမှု)**

မြန်မာ့ဆယ့်နှစ်လရာသီပွဲများအနက် သင်္ကြန်ပွဲသည် ဗုဒ္ဓဘာသာကိုအခြေခံသော ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊ တပို့တွဲလပြည့် ဩဝါဒပါတိမောက်နေ့များကဲ့သို့ မဟုတ်ပေ။ သို့သော် နှစ်သစ်ကူးတွင် အဟောင်းများ အညစ်အကြေးများကိုဖယ်ရှင်း၍ အသစ်များကို ဦးတည်သောအားဖြင့်ဆေးကြောခြင်း၊ ရေလောင်းခြင်း၊ သက်ကြီးဝါကြီးသူများကို ကန်တော့ပူဇော်ခြင်း၊ ငါးလွှတ်ခြင်း၊ ဘေးမဲ့လွှတ်ခြင်း၊ နှစ်ဆန်းတွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်လည်ပူဇော်ခြင်းစသည့် ဗုဒ္ဓဘာသာတို့ ဓလေ့ထုံးတမ်းများကိုပြုလုပ်၍ ကုသိုလ်ယူကြရာ ဘာသာရေးအသွင်ဆောင်သော ပွဲသဘင်အဖြစ် မြင်ကြခြင်းဖြစ်သည်။ လူကြီးများက ဘာသာရေး လုပ်ဆောင်မှုများရှိသလို ကလေးသူငယ်ပိုင်းနှင့် ပျိုရွယ်သူများကမူ ရေကစား ရေသဘင်ပြုလုပ်ကြပေသည်။ မင်းကျွန် လူလတ်ပိုင်းများကမူ ပျော်ရွှင်ဖွယ်ရာ အမျိုးမျိုးတို့ကိုပြုလုပ်ကြပေသည်။ ထိုအထဲတွင် သံချပ်ထိုး အလှပြများလည်းပါဝင်ပေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း သင်္ကြန်တွင် မြန်ပြည်တစ်ဝန်း မြို့ဒေသအသီးသီး၌ အကအလှသဘာဝ သရုပ်ဖော်ဆင်နွှဲလာကြသည်။ ထိုအထဲတွင် သံချပ်ထိုး သံချပ်စာများပါဝင်ကြ၏။ သံချပ်ထိုးသည့်အကြောင်းအရာမှာ ထိုအချိန်ထိုကာလပတ်ဝန်းကျင်တွင် အမြင်မတော်သော၊ အပေါက်အလမ်း မတည့်သော အမှုကိစ္စအခြင်းအရာများကို သရော်သော(Satire)စာပေ (သံချပ်) ဖြစ်သည်။ သူ့ဘက်ကိုယ့်ဘက် စောင်းချိတ်ထိုးနှက်သော အကြောင်းအရာတစ်မျိုးဖြစ်သည်။ ယနေ့အနေဖြင့် မီဒီယာတစ်မျိုးဖြစ်ပေသည်။

ရှေးအခါက သင်္ကြန်ပွဲတွင် ထိုးခဲ့ကြသော သံချပ်များကိုမဖော်ပြတော့ဘဲ ထိုကဲ့သို့ပင် လွန်လွန်ကဲကဲ ဖွဲ့ဆိုထားသော စာဆိုဦးကြင်ဥ၏ တန်ခူးလဘွဲ့ လေးဆစ်သဖြန်ကိုဖော်ပြပါမည် -

အထောက်ကယ်တည့်(တဲ့) မတန်။
ရွှေကံ့ကော် ဇမ္ဗူကြုံးလို့၊ ကြူဆုံး တသိန်တင့်ပါဘိ၊
ပန်းမင့်းလွတ်စံ။
မိဿဘုံ ဂဠုန်ကူးတွင်မှ၊ ကြံ့ဖူးလေ့ဖြစ်ဟန်၊
ရစ်တံပိုင့် ဆင်တော်နည်း(နဲ့)။
ချိန်ခါနွေ ဣန္ဒာဆွေ ဘူပတိသော်မှ၊
ပူမိလျှင် ဘယ်ဖြေနိုင်လိမ့်၊ ခြယ်ရွှေစိုင် နေရုလေးနှင့်၊
ရာဇူမှာ သာပြုသေးချေ့၊ ဆွေးတော်ညှံ့ပဲ။

ဤသဖြန်တွင် တန်ခူးလ ပူလောင်ပုံကို အောင့်သက်သက်နှင့်လွန်လွန်ကဲကဲရေးထားခြင်းဖြစ်သည်။ တန်ခူးလ၏ရာသီပန်းဖြစ်သော ကံ့ကော်ပန်းကို မတတ်သာ၍ တစ်ချက်မျှချီးကျူးလိုက်ပြီး နေမင်း၏အပူကို တစ်ဖက်မှထား၍ မြင်းမိုရ်တောင်ကိုတစ်ဖက်မှထားကာ သိကြားမင်း၏ ရွှေရောင်အဆင်း လေးကိုင်းသဏ္ဌာန်နှင့်တူသော **ရာဇူ** တည်းဟူသော **ချိန်ခွင်**ပေါ်တွင်တင်ကာ ချိန်စက်လိုက်လျှင် အပူလွန်ကဲမှုက သာမည်။ သိကြားမင်းပင် မနေနိုင်အောင်ဖြစ်မည်ဟု ရေးဖွဲ့ထားလေသည်။

ဤ၌ နေမင်းကို **ရစ်တံပိုင့်** ဟုခေါ်သည်မှာ ရက်ကန်းရက်မည့်သူသည် အထည်မရက်မီ ရစ်တံတွင် ရောင်စုံချည်ဗိုင်းတောင့်များကိုထည့်၍ အဆင်နမူနာကို ဦးစွာကြည့်လေ့ရှိသည်။ နေတွင် ရောင်စဉ်ခုနစ်မျိုးရှိသည်ကို ရစ်တံပိုင့်ဆင်တော်နည်း(နဲ့)ဟု **ရစ်တံပိုင့်** ဖြင့်ဖော်ပြသည်။ တနင်္ဂနွေဂြိုဟ်နေကို **ဂဠုန်ငှက်** ဖြင့်ဖော်ပြသည်။ သိကြားမင်းကို **ဣန္ဒာဆွေဘူပတိ** ဟုဖော်ပြသည်။ **နေရုလေးနှင့် ရာဇူ** ဆိုသည်မှာ သိကြားမင်းကိုင်ဆောင်သည့် အလွန်လှပသော လေးကိုင်းပုံသဏ္ဌာန် ရွှေအဆင်းရှိသည့် ချိန်ခွင်ဟု ဆိုလိုသည်။ ထိုချိန်ခွင်ဖြင့်ချိန်စက်သောအခါ နေပူရှိန်က မြင်းမိုရ်တောင်အလေးချိန်ထက် ပိုကဲလိမ့်မည်ဟု ဆိုလိုပေသည်။

ဤစာအလင်္ကာတွင် ဒြပ်ရှိသော မြင်းမိုရ်တောင်နှင့် ဒြပ်မဲ့သော နေအရှိန်ကို ဆက်စပ်၍ရေးထားရာ လွန်ကဲသော **"ဥဒါရတာဂုဏ်"** မြောက်သည်ဟု ဆိုရပေမည်။ သို့တိုင် ဆိုလိုရင်းအဓိပ္ပာယ်ကို လွန်ကဲသည်ဟုမယူဆနိုင်ဘဲ ပုပြင်းခြင်း၏သဘောကို နားလည်စေနိုင်သော **"ကန္တိဂုဏ်"** လည်းမြောက်၏။ အဓိပ္ပာယ်ကို သိလွယ်ထင်ရှားစေသောကြောင့် **"အတ္ထဗျတ္တိဂုဏ်"** လည်းမြောက်ပေ၏။ ဒြပ်ရှိသော(ဝါ) မုချဖြစ်သော မြင်းမိုရ်တောင်နှင့် ဒြပ်မဲ့ (ဝါ) မုချမဖြစ်သော နေအပူရှိန်ကို တင်စားပြောဆိုသောကြောင့် **"သမာဓိဂုဏ်"** လည်းမြောက်ပေ၏။ ထိုဂုဏ်များနှင့် အတူ ရသအလင်္ကာများလည်းပါဝင်ပေသည်။ ရသဘာဝဌာယီ ပြည့်မီသော ကဗျာစာအလင်္ကာဖြစ်ပေသည်။

စာပေကဗျာအလင်္ကာများတွင် အကြမ်းလှ အနုလှ သဘာဝအလှ စသည်ဖြင့် ရသသဘောများရှိပါ၏။ ဤကဗျာမှာ သာမန်ဖတ်ကြည့်ပါက ကုန်းဘောင်ခေတ် စာဆို ဦးကြင်ဥတို့ခေတ် (သက္ကရာဇ် ၁၁၃၅-၁၂၀၀) ဝေါဟာရအသုံးအနှုန်းဖြစ်သည်။ အများလူထုနားလည်သော ဝေါဟာရအသုံးအနှုန်းများသာဖြစ်သည်။ ယနေ့ခေတ် ရာဇူ = ချိန်ခွင် ဆိုသောဝေါဟာရတစ်ခုသာလျှင် ပေါရာဏ (စကားဟောင်း) ဝင်ပေသည်။

ရသစာပေ ကဗျာကောင်းတစ်ပုဒ်ကို ဆရာကြီး ဦးရွှေအောင်က သူ၏ရသစာပေ၏ရသတွင် -ကဗျာပါ သဒ္ဒါနှင့် အနက်တို့က ဖတ်သူ(သို့)နာသူကို စာဆို၏ နှလုံးသွင်းအနက်ဆီသို့ ခေါ်ဆောင်သွားသဖြင့် ဖတ်သူ (သို့) နာသူက အလိုအလျောက်အနက်ကိုကျော်လွန်ကာ သိဆက်အနက်ကို သွယ်ဝိုက်ယူမိလျက်သား ဖြစ်နေသည့်သဘောဖြစ်သည်။ ထိုသဘောကို ပေါ်အောင်ဖွဲ့နိုင်သော ကဗျာမျိုးကို **အကောင်းစား ကဗျာ** မျိုးဟူ၍ သတ်မှတ်ကြသည်။ ကဗျာကောင်းများသည် စာဆို၏နှလုံးသွင်းကို မည်သည့်အခါမျှ တိုက်ရိုက်ဖော်ပြခြင်းမပြုကြချေ။ သွယ်ဝိုက်၍သာ ဖော်ပြကြသည်။ သွယ်ဝိုက်၍ဖော်ပြကြသော်လည်း ထိုနှလုံးသွင်းအနက်သည် ဖတ်သူနာသူ အလိုအလျောက် သိလောက်အောင် ပေါ်လွင်လေသည်ဟုဆိုထားရာ စာဆိုဦးကြင်ဥ၏ ဤလေးဆစ်သဖြန်သည် စာအလင်္ကာကောင်းတစ်ခုဖြစ်သည်ဟု ရဲရဲကြီးဆိုလိုက်ပါ၏။

သဖြန်၊ ခွန်းထောက်၊ လေပြေ၊ ဆိုင်းဆင့် စသည့် စာအလင်္ကာများမှာ ဇာတ်ကသောအခါ ဇာတ်သဘင်ကရာတွင် တစ်ခန်းနှင့်တစ်ခန်း အချိတ်အဆက်အနေဖြင့် ဇာတ်လမ်းအလိုက် ဆို တီး ရသော စာပေမျိုးဖြစ်သည်။

ဖော်ပြပါသင်္ကြန်ဘွဲ့ လေးဆစ်သဖြန်ကို ဇာတ်ကရာ ကိုယ်တိုင်ပါဝင်နေရသလို ဆို တီး တေးသွား (Melody)၊ နရီ စည်းဝါး (Rhythm)၊ တူရိယာ အဖက်အစပ် (Tone Colour)၊ အသံ အဖက်အစပ် (Harmony) တို့နှင့် ညည်းကြည့်ပါ။ စိတ်ကူးနှင့် ဖန်တီးကြည့်ပါ။ အလွန်ရသမြောက်သော တန်ခူးလဘွဲ့ဖြစ်သည်ကို ခံစားရပါလိမ့်မည်။

**❖ ရသစာပေဖွဲ့ဆိုရာ၌ နဂိုလှခေါ်သည့် ပင်ကိုကောင်း စာကောင်းစာဟန်ဖြင့် ဖွဲ့ဆိုခြင်း၊ အဆင်းလှခေါ်သည့် စကားအညွှန့်အတက် အခက်အလက် ဝေဝေဆာဆာ ဥပမာဥပမေယျဖွေ့ရှာ၍ဖွဲ့ဆိုခြင်း၊ ဥပစာတို့ဖြင့် သိုက်သိုက်မြိုက်မြိုက်တန်ဆာဆင်၍ ရေးသားနိုင်ခြင်း၊ အကြမ်းလှအနေအထားကို ကြမ်းလျက်နှင့်ချောအောင်၊ ဆိုးလျက်နှင့်ကောင်းအောင်၊ ကြောက်စရာ မှန်လျက် နှစ်သက်စရာဖြစ်အောင်လည်း ဖွဲ့ဆိုနိုင်မှုသည် မဟာကဝိဖြစ်သည်ဟု ရသစာပေဂိုဏ်းမှ ဖွင့်ဆိုကြပေ . . .**

ဤကဲ့သို့ပင် ဆယ့်နှစ်လရာသီ ရှေးစာဆိုကြီးများဖြစ်ကြသော မဟာအတုလမင်းကြီး၊ ဆီသည်ရွာစား ဦးအောင်ကြီး၊ ဦးကြော့၊ တိုင်းတားမြို့သူကြီး ဦးဖက်၊ မင်းကြီးကတော်ခင်ဆုံ၊ မယ်ခွေ၊ ဖိုးသူတော် ဦးမင်း၊ လူဦးမင်း စသည့် စာဆိုတို့၏ စာအလင်္ကာများသည် ဂုဏ်ရသအလင်္ကာများရောယှက်နေသည်။ ထိုအထဲမှ ဖိုးသူတော်ဦးမင်း၏ တန်ခူးလဘွဲ့ကို ဆက်လက်တင်ပြပါသည်။

ဟောင်းရွက်ဝါ ခါလှစ်လို့၊ တာသစ်ကယ်တည့်(တဲ့)
နံ့ကြိုင်။
သုတ်ဖြူးလေဆော်က၊ ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊
သင်းပျံ့ပျံ့လှိုင်။
ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း။
စိတြငယ်နှင့်၊ ငွေလသော်တာတို့၊
ယုဂန်ချာ တောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း။

ဟောင်းရွက်ကြွေ ခါလှစ်လို့ဆိုသော စကားလုံးအသုံးကို ဆရာကြီးမင်းသုဝဏ်က စကားလုံးအလင်္ကာအလှသုံးပြောင်းမြောက်လှကြောင်းကို ချီးကျူးမိန့်ဆိုဖူးသည်ကို ဖတ်ဖူးသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည့်အကြောင်းအရာ စာအလင်္ကာများကိုလည်း ဖတ်မှတ်ဖူးသည်။

ဂီတနက်သံ ကိုစောငြိမ်း၏ နွေဦးစာအလင်္ကာ၊ ဂီတစာဆို ကိုသန်းလှိုင်၏ သည်နွေမိုးဆောင်းပြောင်းသော်လည်း သီချင်းတွင် **ရွက်ဝါကြွေလူး နွေမူးမူးဝယ် XXX ပုရစ်ဖူးဝေ၍ ဖူးငုံစီမျှ ပွင့်သည့်လကိုမှသည် XXX** ရှင်အုန်းညို၏ ဂါထာ ၆၀ ပျို့၊ ရှင်ဥတ္တမကျော်၏ လကိုးလုံးချ တောလား၊ တွံ့တေးဆရာတော်၏ ပရိတ်ကြီး နိဿယ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ ဂါထာအဖွင့်များတွင်ပါဝင်ခဲ့သော **ဆောင်းနှောင်းနွေကူး နွေဦးရာသီ ပုရစ်ဖူးစီသည့် စာအလင်္ကာများကို** ဖတ်မှတ်လေ့လာခဲ့ဖူးပါသည်။ ရသခံစားခဲ့ဖူးပါသည်။ စာဆိုဖိုးသူတော်ဦးမင်း၏ **ဟောင်းရွက်ဝါ ခါလှစ်လို့၊ တာသစ်ကယ်(တည့်) တဲ့နံ့ကြိုင်** တစ်ပိုဒ်တည်းဖြင့် (စာသား စကားလုံးပင်နည်းသော်လည်း)ယခင်ခံစားဖူးသော ရသများနှင့် ညီမျှသည်ဟုဆိုချင်သည်။ ခါလှစ်နှင့် တာသစ်၏ သဒ္ဒါနည်းစာနည်းကို စာရှုသူများ မိမိအတွေ့အကြုံနှင့် ယှဉ်၍ ခံစားနိုင်ကြပါစေဟုဆန္ဒပြုပါ၏။

ရသစာပေဖွဲ့ဆိုရာ၌ နဂိုလှခေါ်သည့်ပင်ကိုကောင်း စာကောင်းစာဟန်ဖြင့်ဖွဲ့ဆိုခြင်း၊ အဆင်းလှခေါ်သည့် စကားအညွှန့်အတက် အခက်အလက်ဝေဝေဆာဆာ ဥပမာဥပမေယျ ဖွေ့ရှာ၍ဖွဲ့ဆိုခြင်း၊ ဥပစာတို့ဖြင့် သိုက်သိုက်မြိုက်မြိုက် တန်ဆာဆင်၍ရေးသားနိုင်ခြင်း၊ အကြမ်းလှအနေအထားကို ကြမ်းလျက်နှင့်ချောအောင်၊ ဆိုးလျက်နှင့်ကောင်းအောင်၊ ကြောက်စရာမှန်လျက် နှစ်သက်စရာဖြစ်အောင်လည်း ဖွဲ့ဆိုနိုင်မှုသည် မဟာကဝိဖြစ်သည်ဟု ရသစာပေဂိုဏ်းမှဖွင့်ဆိုကြပေ၏။

ဤလေးချိုး၌ ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်စိတြနှင့် ငွေလသော်တာထွန်းလင်းခြင်းတို့သည် ကာရန်မိရုံသာမက မိဿရာသီ စိတြနက္ခတ်၊ လမင်းစန္ဒာတို့၏ ဂြိုဟ်နေဂြိုဟ်ထားများကို ရည်ညွှန်းထားလေသည်။ နက္ခတ်ဆိုင်ရာပညာကို နားလည်ပွန်းတီးနေသူများ အနေနှင့် သာယာဝပြောမှုသဘောကိုပါ ဖော်ဆောင်နေသည်ကို တွေ့မြင်နိုင်ပေသည်။ ရသစာပေဂိုဏ်း၏ မှတ်ချက်ဖြင့် စာအလင်္ကာကောင်းတစ်ခုဖြစ်သည်ဟု ဆိုရမည်။

တာကူးသင်္ကြန်နှင့် ဆက်စပ်သောစာပေများစွာရှိသည့်အနက် မန်လည်ဆရာတော်ဘုရား၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒပုဒ်ရေ ၂၇၅-၂၇၆ တွင် သင်္ကြန်ကျပြီး နှစ်ဆန်းတစ်ရက်မှ စတင်၍ နောက်တစ်နှစ်အတွင်း ဥတုရာသီအလိုက် လောကီလူသားတို့လုပ်ဆောင်ရမည့် အခါအခါများကို ဖွဲ့ဆိုထားချက်ရှိသည်။ တန်ခူးလ သင်္ကြန်တွက်ရိုးနှင့် ဝါဆိုဝါကပ်ကိုအခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။

ဆရာတော်၏စာမှာ သုတရသပြည့်ဝလှပါ၏။ ဂုဏ်၊ ရသ၊ အလင်္ကာများကို ဖော်ပြရေးသားနိုင်ခြင်းငှာ မစွမ်းသာပါ။ ရွှေဖလားအနားကွပ်ဖို့မလိုဆိုသလို သုတ၊ ရသကို မြည်းစမ်းကြည့်ပါဘိ။ (နှစ်ပိုဒ်ရှိသည့်အနက် စာမျက်နှာငဲ့၍ တစ်ပိုဒ်ကိုသာ ဖော်ပြလိုက်ပါသည်။)

ထိုထိုသက္ကရာဇ်ကောဇာဖြစ်တိုင်း၊ နှစ်သစ်ပြောင်းကူး၊ နှစ်ဟောင်းကျူး၍၊ တန်းခူးတာကုန်၊ ကဆုန်တာတက်၊ နွေတာရက်တည့်၊ တွက်ချက်အမှန်၊ ခါသင်္ကြန်နှင့်၊ အာသဠ်နှစ်ပါး၊ ပိုင်းခြားမျော်ရှု၊ မာတုတော်တု၊ လဲနှစ်ခုဖြင့်၊ ရှင်မှုရှင်လို၊ ဝါဆိုဝါကပ်၊ လထပ်ရက်ငင်၊ ဆင်ခြင်နှိုင်းဆ၊ မချွတ်ရာဘူး၊ အမ္ဗဝါသီ၊ ပုဏ္ဏမီနှင့်၊ တိထိမိမာသ်၊ နက္ခတ်စန်းယှဉ်၊ အစဉ်မလွဲ၊ နေလစွဲ၍၊ ခေါ်မြဲမွန်ရိပ်၊ နတ်အိပ်နတ်နိုး၊ ကျင့်ရိုးပညပ်၊ အရပ်ရပ်တိ၊ ကျင့်အပ်မယုတ်၊ ဥပုသ်ပဝါရဏာ၊ မှန်ကန်စွာလျက်၊ ပြဗ္ဗာသင်္ဃဆင်တိုက်၊ မိုးကျိန်းကြိုက်ဟု၊ မိုးလိုက်မိုးခါ၊ မလွန်ရာဘဲ၊ ကြတ္တိကာကြယ်၊ ကြက်သူငယ်တို့၊ မိုးလယ်အချက်၊ အရုဏ်တက်နှိုက်၊ ထိန်လက်ရိုးရဲ၊ မွန်းမလွဲမီ၊ မျိုးကြဲကောက်ကြီး၊ တသီးရှေးညွှန်၊ နေဝင်လွန်တွင်၊ သရဝဏ်စည်းသွား၊ စိုင်ပစ်မြားလျှင်၊ ထက်ဖျားမွန်းယိမ်း၊ မတိမ်းမီခိုက်၊ ကောက်ကြီးစိုက်တည့်၊ လူနှိုက်စဉ်ထုံး၊ မိုးဆုံးချိန်လွန်၊ ဆီးအန်သွန်လျက်၊ ဟေမန်ခါရောက်၊ နှင်းဖြောက်ဖြောက်နှင့်၊ ဖျောက်ဆိပ်မြေလူး၊ မကျူးစေဘဲ၊ မုရင်းကြဲဟု၊ အမြဲမှတ်ပြု၊ သားမောင်ရှု၍၊ တောင်သူ့ဓမ္မတာ၊ နှိုးဆော်ရာလည်း၊ အခါမရွေ့၊ အချိန်စေ့က၊ မင်းလေ့မမှား၊ မှူးနီးစားဆော်ညွှန်း၊ မိန်တိုက်တွန်းသည်၊ ပြဋ္ဌာန်းအချုပ်အခြာတည်း။ ။

**ရသစာပေ၌ -**

**ဒဿနသဘောမပါဟူ၍မရှိ၊ သိပ္ပံသဘော မပါဟူ၍မရှိ၊ ဝိဇ္ဇာသဘော မပါဟူ၍မရှိ၊ အနုပညာ (ကလာ)သဘောမပါဟူ၍မရှိ၊ အကျင့် (ယောဂ) သဘောမပါဟူ၍မရှိ၊ လုပ်ငန်း (ကမ္မ)သဘော မပါဟူ၍မရှိ** ဟု နာဠူ သတ္တသက္ကတ ရသစာပေကျမ်းလာကို တင်ပြ၍ နိဂုံးချုပ်ပါသတည်း။ ။

## ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃၃/၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၃၄/၂၀၂၅

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းအောင်အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း (၁-၄-၂၀၂၅ ရက်နေ့မှ ၁၅-၄-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင် သောအဆင့်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>လက်ခံနိုင်သော</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၅

တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ၂၅-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ(၅,၆၆၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားစဉ်။



အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေ အနေများကို မေးမြန်း အားပေးစကား ပြောကြားစဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားစဉ်။



အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားစဉ်။



အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူ တစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံ (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိတပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွက် အလှူငွေများ ပေးအပ်ပြီး ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ နှင့်ချီးမြှင့်ငွေများပေးအပ်စဉ်။

# ရွှေပြည်သစ် သမဝါယမအသင်းလီမိတက်နှင့် ပြည်စုံချမ်းသာ သမဝါယမအသင်းလီမိတက်တို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၅**

ရွှေပြည်သစ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ပြည်စုံချမ်းသာငွေစုငွေချေးသမဝါယမအသင်းလီမိတက်တို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင်မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဦးမျိုးဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းများ၏ ဘဏ္ဍာရေးရှင်းတမ်း၊ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာများကိုဖတ်ကြားပြီး အမှုဆောင်အဖွဲ့ဝင်များကို အသင်းသားများက အဆိုပြုထောက်ခံရွေးချယ်ပြီး အတည်ပြုကာ အမှုဆောင်အဖွဲ့ဝင်များအား တာဝန်ခွဲဝေသတ်မှတ်၍ သဘာပတိရွှေ့မှောက်၌ ကတိသစ္စာခံယူ၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် အသင်းသား၊ အသင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ငလျင်ဒဏ်ကြောင့်ပျက်စီးသွားခဲ့သည့်အဆောက်အဦများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု(Soil Test)များဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်သွားကြရမည်ဖြစ်

◆ **ရှေ့ဖုံးမှအဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဧပြီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ ငလျင်ဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာအကူအညီများနှင့်စပ်လျဉ်းပြီး လိုအပ်သည့်နေရာများကို အမြန်ဆုံးရောက်ရှိဖြန့်ဝေပေးရန်၊ ဒေသအသီးသီးတွင်ရှိသည့် ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနအသီးသီးက စာရင်းဇယားများကောက်ယူပြီး အမြန်ဆုံးဖြည့်ဆည်းပေးရန်၊ အများပြည်သူပိုင်လမ်း၊ တံတားပျက်စီးမှုများနှင့်လမ်းပန်းဆက်သွယ်ရေးအခက်အခဲများအတွက် ရေတိုရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန်၊ ဝန်ထမ်းများကို အမြဲတမ်းအိမ်ရာများဆောက်လုပ်ဆဲကာလတွင် ယာယီနေထိုင်ရန်နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ကြရန် မှာကြားထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုစံသတ်မှတ်ချက်(Assessment, Search & Rescue Level – ASR Level) များအနေဖြင့် အဆင့်(၁) ဘေးအန္တရာယ်ထိခိုက်ခံရသောဧရိယာ၏အခြေအနေ၊ တည်နေရာနှင့် အခြားဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်မှု ရှိ/မရှိစိစစ်ခြင်း (Wide Area Assessment)၊ အဆင့်(၂) Wide Area Assessment ဆောင်ရွက်မှုမှရရှိသော သတင်းအချက်အလက်များအပေါ်မူတည်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မည့် အပိုင်းများပိုင်းခြားသတ်မှတ်ကာ ဘေးအန္တရာယ်လုံခြုံမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ အဆင့်(၃) ဘေးဒုက္ခရောက်ရှိသောမျက်မြင်လူနာများအား ဦးစားပေးအဆင့်အတန်းအလိုက် ကယ်ဆယ်ရွှေ့ထုတ်ခြင်း၊ ပိတ်မိနေသောလူနာများအား ရှာဖွေခြင်းနှင့် အသက်ကယ်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆင့်(၄) ပြိုကျပျက်စီးနေသောအဆောက်အဦများအတွင်း ပိတ်မိနေသော လူနာများ၊ အသက်ရှင်ကျန်ရစ်သူများထပ်မံကျန်ရှိမှု ရှိ/မရှိ သေချာစေရန် ဧရိယာတစ်ခုလုံးအား ခေတ်မီနည်းပညာမြင့်ပစ္စည်းများအသုံးပြုကာ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အဆင့်(၅) ရှာဖွေကယ်ဆယ်ရေး နောက်ဆုံးအဆင့်အနေဖြင့် လူအင်အားအသုံးပြုပြီး အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရှာဖွေခြင်း၊ ယာဉ်/ယန္တရားများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးဆောင်ရွက်ပြီးစီးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**အရေးပေါ်ကာလ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများနောက်တွင် ရှေးဦးပြန်လည်ထူထောင်ရေး (Early Recovery)ကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီကို သီးခြားဖွဲ့စည်းပြီးစစ်ဆေးခြင်း၊ ဆန်းစစ်ခြင်းများပြုလုပ်၍ အရောင်အဆင့်များ သတ်မှတ်ခွဲခြားကာ ရရှိလာသည့် အဆင့်သတ်မှတ်ချက်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)သို့ ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း၊ **ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ဧပြီလ ၂၅ ရက် စာရင်းများအရ သေဆုံးသူ ၃၇၆၃ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၇ ဦး၊ ပျောက်ဆုံးသူ ၁၁၀ ဦးရှိ**ကြောင်း၊ ငလျင်စတင်ဖြစ်ပွားသည့်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာကို အကူအညီတောင်းခံမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေးအဖွဲ့များကို တစ်တပ်တစ်အား စေလွှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ **နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ယနေ့အချိန်ထိ လေယာဉ်ပေါင်း ၁၄၇ စင်း၊ သင်္ဘော ၇ စင်း၊ မော်တော်ယာဉ် ၂၃ စီးတို့ဖြင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်ပေါင်း ၂၀၉၅ ဦးရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၂၆၃၅ ဒသမ ၉၂ တန်နှင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန် ၁၁၉၇ ဒသမ ၁၂ တန်၊ စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန် ပေးပို့လှူဒါန်းကူညီကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ**ကြောင်း၊ နိုင်ငံတကာဆေးကုသရေးအဖွဲ့အနေဖြင့်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင်ယာယီဆေးရုံဆေးခန်းများဖွင့်လှစ်၍ အရေးပေါ်ကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ယနေ့အထိ နိုင်ငံပေါင်း(၆)နိုင်ငံမှ ဆေးကုသရေးအဖွဲ့ဝင်အင်အား ၃၃၇ ဦးဖြင့် စစ်ကိုင်း၊ မန္တလေးနှင့် နေပြည်တော်တို့တွင် နိုင်ငံအလိုက် အဖွဲ့များခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဆေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်တွင်းစေတနာရှင်အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းပွဲများတွင်နိုင်ငံတော်အစိုးရသို့ ပေးအပ်လှူဒါန်းမှုများရှိသကဲ့သို့ နိုင်ငံတကာအလှူရှင်များအနေဖြင့်လည်း နိုင်ငံခြားငွေဖြင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ရန် လှူဒါန်းမှုများလည်းရှိကြောင်း၊ **ပြည်တွင်း/ပြည်ပ စေတနာရှင်အလှူရှင်များမှ နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အလှူငွေများပေးအပ်ရာ ဧပြီလ ၂၄ ရက်နေ့အထိ ကျပ် (၁၁၅၈၇၆) ဘီလီယံကျော်၊ အမေရိကန်ဒေါ်လာ (၂.၄၃၇) သန်းကျော်၊ ကိုရီးယားဝမ် (၅)သန်း၊ အိန္ဒိယရူပီး(၁၅)သန်း၊ ထိုင်းဘတ်(၂)သန်းနှင့် စင်ကာပူဒေါ်လာ (၃၁၅၀)တို့အား လက်ခံရရှိထားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ငွေစာရင်းသို့ထည့်သွင်းထားရှိ**ကြောင်း၊ ယင်းအလှူငွေများကို စနစ်တကျဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဧပြီလ ၁၉ ရက်နေ့တွင် ငလျင်ဘေးဒဏ်သင့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ထူထောင်ရေးနှင့် လူထုစိတ်ဓာတ်ခွန်အားဖြည့်တင်းအားပေးနိုင်ရန် သွားရောက်ခဲ့သည့် ခရီးစဉ်များတွင် ပျက်စီးသွားခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်းကန်ဇရပ်များနှင့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများအား အမြန်ဆုံးရှင်းလင်းနိုင်ရေးနှင့် ပုဂ္ဂလိကအဆင့်မြင့်အဆောက်အဦများ၏ ပိုင်ရှင်အချို့မှာ ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အဦများအား ပြန်လည်ရှင်းလင်းနိုင်ရေး ငွေကြေးမတတ်နိုင်မှုအပေါ် နိုင်ငံတော်မှတတ်နိုင်သမျှ ကူညီပေးပါရန်ပေးအပ်ခြင်းမှာ ငလျင်ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးဖယ်ရှားနိုင်ရန်နှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်စိတ်တစ်ဒေသ အသုံးပြုနိုင်ရေး ပေးထားခြင်းဖြစ်ကြောင်း။

ပြည်တွင်း၊ ပြည်ပထောက်ပံ့ပေးသည့် ပစ္စည်းများကို အရန်မထားဘဲ ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးဖြန့်ခွဲပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်က ညွှန်ကြားထားကြောင်း၊ ညွှန်ကြားချက်နှင့်အညီ ပြည်ပနိုင်ငံများမှပေးပို့သော ကယ်ဆယ်ရေးပစ္စည်းနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၃၈၃၃ ဒသမ ၈၄ တန်အား မိမိတို့အနေဖြင့် ရောက်/ဖြန့်စနစ်ဖြင့် ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် ဧပြီလ ၂၄ ရက် ကနဦးစာရင်းများအရ လူနေအိမ် ၆၃၈၅၄ လုံး၊ စာသင်ကျောင်း ၆၇၅၂ ကျောင်း၊ ဘုန်းကြီးကျောင်းနှင့်သီလရှင်ကျောင်း ၅၄၇၄ ကျောင်း၊ စေတီပုထိုး ၅၃၄၂ ဆူ၊ အခြားဘာသာရေးအဆောက်အဦ ၆၁၃ လုံး၊ ဆေးရုံ/ဆေးခန်း ၅၇၆ လုံး၊ ရထားလမ်း ၅၆ ခု၊ လမ်း ၂၇၁ ခု၊ အမြန်လမ်းပိုင်း ၁၉၈ ခု၊ ဆည်/တမံ ၅၈၆ ခု၊ တံတား ၁၇၂ စင်း၊ ထရန်စဖော်မာ ၃၅၃ လုံး ပျက်စီးဆုံးရှုံးခဲ့**ကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများကိုလည်း ကာလတို၊ ကာလလတ်၊ ကာလရှည်ခွဲခြားလျက် အဆင့်လိုက်ပြီးစီးရေး စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ငလျင်နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာ ကပ်ရောဂါကူးစက်မှုပြဿနာများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနှင့် ပြန့်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမှ ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေခြင်းကြောင့် ယနေ့အချိန်အထိ ကူးစက်ရောဂါများဖြစ်ပွားခြင်းမရှိပါကြောင်း၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်(၁၀)ခုတွင် ထိခိုက်ပျက်စီးခဲ့ရပြီး အိမ်ထောင်စု ၁၂၈၉၆၅ စု၊ လူဦးရေ ၆၂၉၂၀၆ ဦး ငလျင်ဘေးကြုံတွေ့ခဲ့ကြရကြောင်း၊ DMC ၏ ဧပြီလ ၂၃ ရက်စာရင်းအရ ကယ်ဆယ်ရေးစခန်း ၁၃၅ ခုကို ပြောင်းရွှေ့နေထိုင်သူ ၄၈၆၅၆ ဦးရှိခဲ့ကြောင်း၊ မိမိအစီအစဉ်နှင့် ပြောင်းရွှေ့နေထိုင်သူ ၁၅၉၂၃၉ ဦး၊ ငလျင်ဘေးသင့်ခဲ့သော်လည်း မိမိတို့၏နေအိမ်များတွင် နေထိုင်လို့ရသည့်အတွက် ဆက်လက်နေထိုင်သူ ၄၂၁၃၁၁ ဦးရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားခဲ့သည့် လူနေအိမ်များ၊ အလုံးစုံပျက်စီးသွားခဲ့သည့် နေအိမ်များကို နိုင်ငံတော်မှ တတ်နိုင်သမျှ ထောက်ပံ့နိုင်ရေးဖြစ်နိုင်ခြေတွက်ချက်တင်ပြရန် လမ်းညွှန်မှာကြားထားကြောင်း၊ ပျက်စီးခဲ့သည့်အိမ်အမျိုးအစားအလိုက်နှင့်ပျက်စီးမှုအခြေအနေ၊ ရရှိသည့် DMC ရန်ပုံငွေနှင့် အလှူငွေအပြင် အလုံးစုံပျက်စီးမှုကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကုန်ကျနိုင်မည့်ငွေအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာ၍ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပျက်စီးနေအိမ်များအတွက်ထောက်ပံ့ရမည့်နှုန်းထားများကိုလည်း အမြန်ဆုံးတွက်ချက်တင်ပြနိုင်ရန် လိုအပ်ကြောင်း။

ဝန်ထမ်းများနှင့်ပတ်သက်၍ ပျက်စီးသွားခဲ့သည့်ဝန်ထမ်းအိမ်ရာများအလိုက် Level – 1 စစ်ဆေးရေးအဖွဲ့များဖြင့်စစ်ဆေး၍ နိုင်ငံတကာအသိအမှတ်ပြု အရောင် ၃ မျိုး (အပြာရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်) သတ်မှတ်ချက်များကို အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်စစ်ဆေးခဲ့ပြီး ထပ်မံ၍ Level – 2 အရ အထူးစစ်ဆေးရေးအဖွဲ့များမှ စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ အထူးသဖြင့် အနီရောင်နှင့် လိမ္မော်ရောင်အဆင့်သည် အလတ်စားနှင့်အကြီးစား ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရမည်ဖြစ်ကြောင်း၊ ယင်းပြင်ဆင်မှုများကို အင်ဂျင်နီယာ၊ ဘူမိဗေဒနှင့် ငလျင်ပညာရှင်များပါဝင်သည့် အကြံပြုစစ်ဆေးရေးအဖွဲ့များ၏အကြံပြုချက်အတိုင်း အချိန်ယူပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အပြာရောင်သတ်မှတ်ဝန်ထမ်းအိမ်ရာများကိုမူ အနည်း

❖ **အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကိုတွေ့ရှိရ၊ မိမိတို့ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသည့်ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြှင့်တင်၍ ရောင်းချလျက်ရှိသည်ကိုကြားသိရ၊ ထို့ကြောင့် မတော်လောဘစီးပွားရေးသမားများကို နိုင်ငံတော်က ထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်းစသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိ . . .**

ငယ်ပျက်စီးသည့် နံရံအုတ်မဆလာကွာကျမှု ပြတင်းတံခါးပြုပြင်မှု၊ ရေ/မီးနှင့် မိလ္လာစနစ်ပြုပြင်မှုများအတွက် မိမိအစီအစဉ်ဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်းကောင်း ပြုပြင်နိုင်ပါက ပြုပြင်ကြရန်နှင့် DMC သို့တင်ပြဆောင်ရွက်ရန်လိုအပ်ပါက ပျက်စီးပြုပြင်ရမည့် အချက်အလက်နှင့် Estimate ပူးတွဲ၍ အချိန်မီတင်ပြကြရန်လိုကြောင်း၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့်၌ နေထိုင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုများအနေဖြင့် လတ်တလော မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နေထိုင်ရန်နေရာချထားပြီး ယာယီဘာရာနှင့် ယာယီနေရာချထားပေးရန် လိုအပ်သည့် ဝန်ထမ်းမိသားစုအရေအတွက်အား အချိန်မီ ယာယီအမိုးအကာအောက် ရောက်ရှိစေရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ လက်ရှိလည်း DMC အနေဖြင့် ယာယီနေထိုင်နိုင်ရန်အတွက်လည်း ဘာရာများနှင့် Modular House များ ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောက်လုပ်ရာတွင် ယာယီဘာရာဆောက်လုပ်မှုကုန်ကျစရိတ်များကိုလည်း လိုအပ်၍ ပြန်လည်တောင်းခံလိုပါက DMC သို့တင်ပြရန်လိုပြီး တောင်းခံရန်မလိုပါကလည်း တောင်းခံခြင်း မပြုရန် မှာကြားလိုကြောင်း၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုများအနေဖြင့် ဧပြီလ ၂၃ ရက်အထိ ၁၅၅ ကြိမ်လှုပ်ခတ်ပြီးဖြစ်ကြောင်း၊ လူမှုကွန်ရက်များတွင် ငလျင်နှင့်ပတ်သက်၍ သတင်းမှားများကို ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ဖန်တီးဖြန့်ဝေသူကိုလည်း ဖမ်းဆီးခဲ့ရကြောင်း၊ ထိုသို့ဖမ်းဆီးရခြင်းမှာ ငလျင်ဘေးဒဏ်ခံပြည်သူလူထုကို ဖြေသိမ့်အားပေးရမည့်အစား တမင်ရည်ရွယ်ချက်ဖြင့် အထိတ်တလန့်ဖြစ်စေရေး ဆောင်ရွက်ခဲ့သည့်အတွက် အရေးယူရခြင်းဖြစ်ကြောင်း၊ နောက်ဆက်တွဲငလျင်ငယ်လှုပ်ခတ်မှုများမှာ ပျမ်းမျှ ရစ်(ခ်)တာစကေး ၄ နှင့်အောက် အများစုဖြစ်ပြီး ရစ်(ခ်)တာစကေး ၅ ဝန်းကျင် ၁ ကြိမ်ခန့်သာရှိကြောင်း၊ ဧပြီလ ၂၃ ရက်နောက်ပိုင်းတွင် နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုမရှိသေးပါကြောင်း၊ သို့သော် ငလျင်ဒဏ်ခံစားကြရသည့် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက မိမိတို့မြို့နယ်၊ ရပ်ကွက်များအလိုက် အသိပညာပေးကြစေလိုကြောင်းနှင့် မိမိကိုယ်ကိုမိမိ လုံခြုံရေးအတွက်မူ သတိရှိစွာဖြင့် နေထိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မူဝါဒများချမှတ်ပေးထားကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် အဆောက်အဦများ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေစမ်းသပ်မှု (Soil Test)များဆောင်ရွက်ပြီးမှသာ တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်မြေအနေအထားကို ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ဆန်းစစ်စစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ အသစ်ဆောက်လုပ်မည့်အဆောက်အဦများ ငလျင်ကြောပေါ်တွင် ရောက်ရှိမနေစေရေးကိုလည်း ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အဆောက်အဦများဆောက်လုပ်ရာတွင် ရစ်(ခ်)တာစကေး ၈ အထိခံနိုင်ရည်ရှိသည့်အဆောက်အဦများကိုသာ ဆောက်လုပ်သွားကြရန်နှင့် ဆောက်လုပ်ဆဲ အဆောက်အဦများတွင်လည်း ငလျင်ဒဏ် ရစ်(ခ်)တာစကေး ၈ အထိခံနိုင်ရန် ဒီဇိုင်းပြင်ဆင်ရေးဆွဲခြင်း သို့မဟုတ် ဆောက်လက်စအဆောက်အဦ၌ ထပ်မံ၍ လိုအပ်သည့်အားဖြည့်မှုများ ဆောင်ရွက်ကြရန်လိုကြောင်း။

ထောက်ပံ့လှူဒါန်းမှုများနှင့် ပတ်သက်၍ အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းမှုများရှိသကဲ့သို့ တစ်ဖက်ကလည်း အချို့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်းဈေးနှုန်းများကို အဆမတန်တင်၍ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဗုဒ္ဓဘာသာလူမျိုးများအနေဖြင့် အချင်းချင်းကူညီရမည့်အစား ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသည့် ကာလတွင် ဆောက်လုပ်ရေးပစ္စည်းများကို မူရင်းဈေးနှုန်းထပ်မံမြှင့်တင်၍ ရောင်းချလျက်ရှိသည်ကိုကြားသိရကြောင်း၊ ထို့ကြောင့် မတော်လောဘ စီးပွားရေးသမားများကို နိုင်ငံတော်ကထိန်းချုပ်တားမြစ်ခြင်း၊ မေတ္တာရပ်ခံခြင်း စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လိုက်နာမှုမရှိပါက ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ **ဆောက်လုပ်ရေးပစ္စည်းများနှင့်သက်ဆိုင်သော လိုအပ်သည့်ပစ္စည်းများကိုလည်း နိုင်ငံတော်ကစိစစ်၍ တင်သွင်းခွင့်ပြုထား**ကြောင်း၊ ယနေ့အစည်းအဝေးတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနများအလိုက်ပြန်လည်နေရာချထားရေးကိစ္စရပ်များ၊ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြို့ပြစီမံကိန်းသစ်ရေးဆွဲရေးကိစ္စရပ်များ၊ ရေရရှိရေး၊ နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနေသည့် MSME လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး၊ ပညာရေးဆိုင်ရာ အခြေခံပညာရေးအဆင့်၊ အဆင့်မြင့်ပညာရေးအဆင့်အသီးသီး၏ သတ်မှတ်ကျောင်းဖွင့်ရက်အမီ လုံးဝနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော ငလျင်ဒဏ်သင့် စာသင်ကျောင်းများနှင့် စာသင်ဆောင်များ အချိန်မီပြုပြင်ပြီးစီးရေးနှင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းသား၊ ကျောင်းသူများ အမိုးအကာအောက်၌ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြား၊ သင်ယူနိုင်ရေးကိစ္စရပ်များ၊ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ယာယီတည်းခိုနေထိုင်ရန် ဘာရာများနှင့် Modular House များတည်ဆောက်၍ နေရာချထားရေးကိစ္စရပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အခက်အခဲမရှိ ရရှိရေးကိစ္စရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးကိစ္စများတွင် လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း၊ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးသင့်သည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည်များကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်သွားမည်ဆိုပါက သဘာဝဘေးအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်မည်ဖြစ်**ကြောင်း။

**နိုင်ငံတကာတွင် ကာလတိုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၆ လမှ ၁၂ လအထိ၊ ကာလလတ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၁ နှစ်မှ ၂ နှစ်အထိ၊ ကာလရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂ နှစ်မှ ၅ နှစ်အထိ လိုအပ်ပါက ၁၀ နှစ်အထိ စသည်ဖြင့် ဆောင်ရွက်လေ့ရှိကြသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအမြစ်ပေါ်တွင်မူတည်ပြီး ကဏ္ဍခွဲခြားဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံးပြီးမြောက်အောင်မြင်သည့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်**သည့်အတွက် အစည်းအဝေးတွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းအလိုက်၊ နယ်မြေဒေသအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်ပေးနေမှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အဦများအတွင်း ကျန်ရှိနေသည့်ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့်တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သောက်သုံးရေဖြန့်ဝေပေးနိုင်မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ယာယီတည်းခိုရေးစခန်းများတည်ဆောက်၍ နေရာချထားပေးမှု၊ Medium Team ဖွဲ့စည်းနိုင်ရေးပြင်ဆင်ဆောင်ရွက်နေမှု၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အဦများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများရှင်းလင်းခြင်းနှင့် ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖွဲ့စည်း၍ ရုံး၊ ဝန်ထမ်းအိမ်ရာနှင့် အထူးအဆောက်အဦများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ လျာထားဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရန် ဘာရာနှင့် Modular House များ ဆောက်လုပ်ပေးနေမှု၊ ဝန်ထမ်းအိမ်ရာများအား အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက်ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများဆောင်ရွက်နိုင်ရန် စစ်ဆေးခဲ့မှု၊ သဘာဝဘေးအန္တရာယ်နှင့်သက်ဆိုင်သည့် နိုင်ငံတကာအကူအညီများအား စနစ်တကျစိစစ်၍ လက်ခံဆောင်ရွက်နေမှု၊ ကျွမ်းကျင်ပညာရှင်အဖွဲ့များဖွဲ့စည်း၍ ငလျင်ကြောင့် ပြောင်းလဲသွားသည့် မြေလမ်းကြောင်းအခြေအနေများအား လေ့လာသုံးသပ်ရန်လိုအပ်မှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံ့ပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လာမည့်ကျောင်းဖွင့်ရာသီအမီ ကျောင်းများပုံမှန်ဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးကွက်တွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန်စီမံဆောင်ရွက်ထားရှိမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေဆွေးနွေးကြရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ထူထောင်ရေး၌အဓိကလိုအပ်သည့် **ဘိလပ်မြေနှင့်ပတ်သက်၍ ငလျင်မလှုပ်မီ ဘိလပ်မြေစက်ရုံ ၉ ရုံမှ တစ်ရက်လျှင် ၃၀၇၀၀ တန် (၆၁၄၀၀၀)အိတ် ထုတ်လုပ်ခဲ့သော်လည်း ငလျင်လှုပ်ပြီးနောက်ပိုင်း စက်ရုံ ၆ ရုံမှ ဘိလပ်မြေ ၁၇၁၀၀ တန် (၃၄၂၀၀၀)အိတ် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မေလ ၁၅ ရက်နေ့တွင် ဘိလပ်မြေ ၂၂၁၀၀ တန် (၄၄၂၀၀၀)အိတ် ထွက်ရှိနိုင်ရေး ထပ်မံတိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ပြီး စက်တင်ဘာလတွင် ဘိလပ်မြေ ၃၂၁၀၀ တန် (၆၄၂၀၀၀)အိတ်အထိထွက်ရှိအောင် ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေတစ်အိတ်ဈေးနှုန်းကိုလည်း တစ်အိတ်လျှင် ၁၇၀၀၀ ကျပ်ဖြင့် ဘေးသင့်အဆောက်အဦများသို့ ရောင်းချ၍ပေးရန် သက်ဆိုင်ရာစက်ရုံများသို့ ဈေးနှုန်းသတ်မှတ်ပေးထားကြောင်း ရှင်းလင်းတင်ပြ**သည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စာရင်းကောက်ယူရေးအဖွဲ့မှ တင်ပြလာသည့် ငလျင်ဒဏ်သင့်ဒေသများရှိ အပျက်အစီးစာရင်းများကို စနစ်တကျပြုစု၍ ခေါင်းစဉ်များအလိုက် တင်ပြရန်၊ ငလျင်ဒဏ်ခံနိုင်မည့်ဒီဇိုင်းများကို နိုင်ငံတကာအကူအညီဖြင့် လေ့လာဆည်းပူးဆောက်လုပ်ရန်၊ ပြည်တွင်း ပြည်ပကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများကို စနစ်တကျလက်ခံသွားရန်နှင့် ဖြန့်ခွဲရာတွင် စနစ်တကျ သံသယကင်းစွာဖြင့် ဆောင်ရွက်သွားကြရန်၊ ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာ၌ နိုင်ငံတော်မှ ပေးအပ်ထားသည့်ထောက်ပံ့ငွေများကို အဓိကလိုအပ်သည့်နေရာများတွင်သာ သုံးစွဲရန်၊ ငလျင်ဒဏ်သင့် အဆောက်အဦများကြံ့ခိုင်မှုကို တိုင်းတာသည့် ကိရိယာများ ဝယ်ယူရေးတပ်ပြဆောင်ရွက်ရန်၊ အရောင်အဆင့်အလိုက်သတ်မှတ်ထားသည့် အဆောက်အဦများကိုလည်း အမြန်ဆုံးပြန်လည်ပြင်ဆင်တည်ဆောက်သွားရန်၊ ပြည်ပမှ နှောင်ကြိုးမဲ့အကူအညီများကို စိစစ်လက်ခံသွားရန်၊ MSME လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပေးရမည့်အချက်များ၊ ဝန်ထမ်းများ ယာယီတည်းခိုနေထိုင်ရန် ဘာရာများနှင့်တွဲလျက် ယာယီရေချိုးခန်းများကိုလည်း ကျား၊ မ သပ်သပ်ခွဲကာ လုံခြုံစွာဆောင်ရွက်ပေးရန်၊ **ဘိလပ်မြေနှင့်ပတ်သက်၍ စက်ရုံများအလိုက် တစ်ရက်ထုတ်လုပ်ရရှိနိုင်မည့် အိတ်အရေအတွက်ကိုလည်း အသေးစိတ်တွက်ချက်၍ လက်ရှိလည်ပတ်နေသည့် စက်ရုံများအလိုက် ထုတ်လုပ်ပြီး ဘိလပ်မြေများကို ငလျင်ဘေးဒဏ် အဓိကခံခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပုတ်ပြတ်သတ်မှတ်၍ ရောင်းချပေးနိုင်ရေး အသေးစိတ်စိစစ်၍ ပြန်လည်တင်ပြရန်**နှင့် ထုတ်လုပ်မှု၊ ပျက်စီးစက်ရုံပြုပြင်မှုပြီးစီးမည့် ခန့်မှန်းကာလနှင့်ပျက်စီးစက်ရုံများအားလုံး ပြုပြင်ပြီးပါက စုစုပေါင်းထွက်ရှိမည့်တစ်ရက်ဘိလပ်မြေအိတ်ပမာဏတို့အား သတင်းထုတ်ပြန်ပေးသွားရန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများပျောက်ဆုံးမှုများနှင့်ပတ်သက်၍ မိမိအစီအစဉ်ဖြင့် နေထိုင်သူမိသားစုများမှနိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးပြုလုပ်နိုင်ရေး ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့များမှနှိုးဆော်၍ အမြန်ဆုံးပြုလုပ်ပေးရန်၊ **မကြာမီရောက်ရှိလာမည့် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်ဆီ) တန်ချိန် ၅ သောင်း ရောက်ရှိပါက ဖြန့်ခွဲ အသုံးပြုမည့်လျာထားချက်ကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှကြိုတင်တင်ပြရန်လိုအပ်သလို ရေကြောင်းခရီးဖြင့် ရောက်ရှိလာမည့် Container Modular များနှင့်အခြားသော ထောက်ပံ့ရေးပစ္စည်းများအား ကုန်ရထားဖြင့် ရန်ကုန်မှနေပြည်တော်၊ မန္တလေးထိပို့ဆောင်နိုင်ရေးကိုလည်း ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် လှူဒါန်းသည့်ပစ္စည်းများ လက်ခံ၊ ဖြန့်ဝေရေးလုပ်ငန်းကော်မတီတို့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လို**ကြောင်း၊ ကော်မတီအလိုက် တာဝန်ရှိသူများအနေဖြင့်နောင်အစည်းအဝေးများတွင် မိမိ၏ဝန်ကြီးဌာနတစ်ခုအတွက်သာမက ငလျင်ဒဏ်သင့်ခဲ့သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ အားလုံးအတွက်ပါ ထည့်သွင်းစဉ်းစား၍ အကြံပြုဆွေးနွေးကြရန် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses National Disaster Management Committee meeting 3/2025



Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses National Disaster Management Committee meeting 3/2025.

NAY PYI TAW April 25

The National Disaster Management Committee held its 3/2025 meeting at Ministry of Social Welfare, Relief and Resettlement, here this afternoon, addressed by Chairman of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were Chairman of Building Repair and Reuse and New Building Construction Supervisory Committee SAC member Union Minister for Defence General Maung Maung Aye, the committee vice chairs, committee member union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, deputy ministers, departmental heads and officials. Chief ministers of Sagaing, Bago, Magway and Mandalay regions and Shan State took part in the meeting through video conferencing.

The Vice-Senior General said at the meeting held on 4 April, a directive has been given to carry out relief and emergency aid programs in quake-hit areas through quickest means, to facilitate the arrival of international aid to the places where they are in need of help, to fulfil the requirements of victims of quake-hit areas at the earliest time after the relevant ministries have collected statistics, to adopt long-term and short-term plans for addressing damaged public roads and bridges and transport difficulties, and to provide temporary residences for civil servants during the time permanent homes are still under constructionin accord with the guidance of the Head of State.The National Disaster Management Committee is carrying out the abovementioned tasks as per the natural disaster management law and rules. As regards the Assessment, Search & Rescue Level - ASR Level, in the level 1, wide area assessment covering condition of the area, its location and possibility of other disasters is conducted, in level 2, search and rescue operations are divided and disaster safety measures are taken based on information obtained from wide area assessment, in level 3, the task of rescuing and removing wounded persons in sight is conducted according to priority order, trapped persons aresearched and rescued, in level 4, the whole area is examined with modern machines to ensure no trapped persons and survivors are left behind, and in level 5, rubble removing is conducted with manpower and machine power in the final stage. The abovementioned undertakings have been conducted in Nay Pyi Taw Council Area, and Bago and Sagaing regions and they are underway in Mandalay Region.

Emergency search and rescue operations are followed by accelerated efforts for early recovery. A separate body, the Building Repair and Reuse and New Building Construction Supervisory Committee, was set up and it is conducting assessments and colour coding process to define ratings which must be presented to DMC. According to the list up to 25 April 3,763 persons were dead, 5,107 wounded and 110 missing due to the quake. Soon after the disaster struck, the Prime Minister asked help from international community and it sent rescue teams willingly. It is a pleasure for the country that up to this date, 2,095 persons of rescue teams from 26 countries arrived in Myanmar on board 147 planes, seven ships and 23 cars. Foreign countries also provided 2,635.92 tons of relief aid, 1,197.12 tons of rescue equipment, totalling 3,833.84 tons. International medical teams set up temporary hospitals in Sagaing and Mandalay regions and Nay Pyi Taw Council Area and are carrying out emergency treatment and healthcare. Up to now, 337 medical personnel from six countries in groups cooperate with health staff from the Ministry of Health in providing medical treatment in Sagaing, Mandalay and Nay Pyi Taw.

Local well-wishers donated cash to the government whereas international well-wishers donated foreign currencies for rehabilitation measures. Up to 24 April, internal and international well-wishers donated more than Ks-115,876 billion, more than US$-2.437 million, 5 million Korean won, 15 million Indian rupee, two million Baht and S$-3,150 to the State and regional and state governments. These cash donations have been inserted into the accounts of the National Disaster Management Committee. The fund is being spent on rescue, relief and rehabilitation operations systematically.

The Head of State, during visits to earthquake-affected areas to encourage the people on 19 April, instructed officials to swiftly

See Page - 19 ●●

●● From Page - 18

clear damaged religious structures such as pagodas, stupas, shrines, monasteries, ponds, public rest houses, and ancient historical buildings. Some owners of high-rise private buildings that were damaged or destroyed have submitted requests to the government for as much assistance as possible, citing their inability to afford the cleanup and restoration costs. In response, as well as based on the needs identified by the respective Chief Ministers of relevant regions, the Prime Minister has provided Ks-50 billion for Sagaing Region and Ks-60 billion for Mandalay Region from the National Disaster Management Fund to facilitate smooth reconstruction and early rescue efforts.

Moreover, Ks-10 billion were granted for the Nay Pyi Taw Council Area and Ks-5 billion for Shan State. The Disaster Management Committee has sent the financial assistance to the respective council area and regions. These funds were provided to ensure the swift removal of damages and losses in order to carry out the reconstruction efforts in the earthquake-affected areas and partially spend it on rehabilitation operations.

The Prime Minister has instructed that domestic and international relief supplies be distributed as quickly as possible and directly to the people in the earthquake-affected areas without keeping them in reserve. In accordance with this directive, In accordance with the instructions, a total of 3,833.84 tons of relief and support materials sent from foreign countries have been received and distributed without keeping reserve in hand. According to the preliminary reports as of 24 April, more than 63,854 residential homes, over 6,752 schools, more than 5,474 monasteries and nunneries, 5,342 pagodas, 613 other religious buildings, 576 hospitals/clinics, 56 railways, 271 roads, 198 highways, 586 dams/reservoirs, 172 bridges and 353 transformers have been damaged or destroyed in Nay Pyi Taw Council and 10 regions and states. These loss and damage must be recovered step by step under the short term, medium-term and long-term plans.

To prevent the outbreak and spread of post-earthquake health-related infectious diseases, including diarrhoeal illnesses, the Ministry of Health is collaborating with international health organizations. Due to these efforts, there have been no occurrences of infectious disease outbreaks up to the present time. As a result of the powerful earthquake that struck on 28 March, damage was sustained in 10 regions and states, including the Nay Pyi Taw Council Area. According to figures from the Disaster Management Committee as of 23 April, a total of 128,965 households and 629,206 individuals were affected by the earthquake. There were 135 rescue camps sheltering 48,656 displaced individuals, while 159,239 people relocated according to their own arrangements. Moreover, a total of 421,311 people continued to stay in their homes despite being affected by the earthquake, as their residences were still livable. The Prime Minister instructed the relevant officials to assess and present the possible level of government support for houses that were partially damaged as well as those completely destroyed. This includes evaluating the types and extent of damage, available DMC funds and donations, and estimating the potential costs of reconstruction based on the categories of total destruction. A prompt calculation and report on the proposed support rates for the damaged homes must be submitted to the Prime Minister.

Regarding staff housing, inspections have been carried out on the damaged staff residences by Level-1 inspection teams, using the internationally recognized colour-coding system (blue, orange, and red). The Supervisory Committee for Repairs and Reconstruction of Buildings supervised these inspections based on this system. Further inspections are being conducted by Level-2 special inspection teams using machinery and technical tools. In particular, buildings classified as red and orange require medium to major repairs. These repairs must be carried out over time according to the recommendations of advisory inspection teams, which include engineers, geologists, and seismologists. As for the buildings marked blue indicating minor damage, repairs such as fixing minor cracks in walls, replacing doors and windows, and maintenance of water, electrical, and sanitation systems may be done either through individual plans or under ministry arrangements. If necessary, reports should be submitted to the Disaster Management Committee, including details of the damage and estimated repair costs, in a timely manner. For staff families who were residing in the orange and red zones, arrangements must be made in a timely manner to ensure staff families who require temporary bashas and temporary accommodation must be provided with temporary shelter—whether through their own plans or those organized by the ministry. Currently, DMC is also constructing temporary bashas and modular houses to accommodate them. If reimbursement is needed for the costs incurred in constructing these temporary shelters, it should be submitted to DMC. However, if there is no need for reimbursement, then there is no requirement to submit a demand. Moreover, up to 23 April, a total of 155 after-shocks have been recorded. Authorities have also arrested individuals who were spreading false information about the earthquake on social media, with the intention of causing public panic. The arrest was carried out not as a means to console or support the people affected by the earthquake disaster, but rather as a deliberate act intended to instill fear. It is stated that the subsequent aftershocks were mostly below magnitude 4 on the Richter scale, with only one instance around magnitude 5. Since 23 April, there have been no further after-shocks. However, in order to prevent unnecessary fear among the public affected by the earthquake, the responsible authorities are urged to provide awareness and education in their respective townships and neighborhoods. It is also necessary for individuals to remain vigilant and live with awareness for their own safety.

Regarding reconstruction efforts, the Prime Minister has stated that policies have been established. In rebuilding structures damaged by the earthquake, construction and repair work must only proceed after conducting soil tests. The ground conditions must be reassessed in collaboration with expert professionals. Additionally, it must be ensured that newly constructed buildings are not located on fault lines. All new constructions must be designed to withstand earthquakes up to a magnitude of 8 on the Richter scale, and ongoing construction projects must also incorporate seismic resistance up to the same scale in their designs or further reinforcements to ongoing construction projects.

Concerning aid and donations, while donors have contributed with goodwill and generosity, some business owners have been found excessively raising prices and selling goods at inflated rates. As Buddhists, instead of helping one another during this reconstruction period, some are profiting by increasing the prices of construction materials. Therefore, the state is taking strict regulatory measures against such greedy entrepreneurs and enforcing effective actions such as control and request. The state has also permitted the import of necessary construction materials. During today's meeting, ministries, regional, and state governments were urged to discuss matters related to resettlement, regular office operations, new urban planning, water supply, and the revival of MSMEs (Micro, Small, and Medium Enterprises) to support the national economy. Additionally, he addressed the timely repair of earthquake-damaged schools and classrooms—whether fully or partially destroyed—before the scheduled reopening dates, ensuring students can study safely under shelter. Other topics included hospital and healthcare services, temporary shelters such as barracks and modular housing, and the smooth procurement of construction materials. He emphasized the need for swift and efficient reconstruction efforts, with the state fulfilling its responsibilities and the public contributing as much as possible. Overcoming natural disasters successfully requires collective effort.

Internationally, short-term recovery efforts typically take 6 to 12 months, medium-term reconstruction 1 to 2 years, and long-term rebuilding 2 to 5 years (or up to 10 years if necessary). By categorizing tasks based on available resources, Myanmar can achieve successful reconstruction and rebuilding as quickly as possible. Therefore, the he called for relevant departments, organizations, and regional authorities to present updates on completed, ongoing, and future tasks.

Following this, the Vice Chairmen of the National Natural Disaster Management Committee—Lt-Gen Tun Tun Naung and Dr. Soe Win—provided updates on security, law enforcement, and community stability in earthquake-affected areas. They detailed ongoing rescue operations, collaboration between domestic and international search-and-rescue teams, efforts to retrieve belongings from damaged buildings, water distribution in affected regions, and reconstruction progress. They also discussed temporary shelters for displaced staff, preparations for forming a Medium Team, aid distribution to affected citizens and employees, and the arrival and allocation of international relief supplies.

Next, Union Minister General Maung Maung Aye, Chairman of Building Repair and Reuse and New Building Construction Supervisory Committee, reported on the committee's formation and tasks. He outlined debris clearance, priority reopening of temporary offices, inspections of government buildings, staff housing, and special structures, findings from assessments, and plans for repairs and new construction.

Then, the secretary of the committee Deputy Minister for Social Welfare, Relief and Resettlement U Soe Kyi reported on implementation of previous decisions .

Afterward, responsible official reported on construction of modular houses, assessment of damage to staff quarters and requirements to reconstruct or repair them according to colour codes, systematic management of international assistance, survey of changes in earthquake shifts, management of international assistance to the affected communities, the needs to survey changed routes and releasing true news about the earthquake by the state-owned media, completion of repairs of dams and bridges due to damage caused by the Mandalay earthquake, supply of construction materials in the market at the reasonable prices, rescue and transport of Tatmadaw (Air Force) operations of aircraft in real-time and rehabilitation of respective sectors.

Afterward, the union minister for industry reported on production of 30,700 tons or (614,000 bags) of cement from nine factories before the earthquake

See Page - 20 ●●

●● From Page - 19

but the production of the industry decreased to 17,100 tons (342,000 bags) of cement from six state-owned cement factories after the earthquake. Plans are underway to produce 22,100 tons of cement (442,000 bags) as of 15 May, 32,100 tons of cement (642,000 bags) in September and has been instructed to relevant factories to distribute a bag of cement at the fixed price of Ks-17,000 per bag to damaged buildings.

Then, the Vice-Senior General made concluding remarks by saying the needs to collect damage lists of properly in earthquake-hit areas according to their categories, to study to build earthquake-resistant buildings, to accept unfettered- domestic and foreign assistance and funds and deployment of efforts properly without suspicion, to spend the funds provided by the government on major needs, to purchase instruments for measuring resistance to earthquake-hit buildings, to allocate funds provided by the government to appropriate regions, to purchase equipment for measuring earthquake-resistant, repairs of coloured coded damaged buildings as soon as possible, to accept foreign assistance by reviewing them and the needs to fulfill requirements for developments of MSMEs, safety of bushers and toilets for males and females for residents in quake-hit areas, to release the need to production capacity of cement factories, to issue national registration cards to those who lost them as soon as possible by launching awareness raising campaigns by district/ township/ ward/ village administration bodies and invited suggestions on not only quake-hit areas but also others regions and state. When five tons of fuel oil( gasoline and diesel), which will be supported by the China soon, arrives at Myanmar, the ministry of industry is required to be prepared to receive them in container modular from maritime routes. The Vice-Senior General urged all to report later not just report in the areas they are concerned each and every region hit by the Mandalay earthquake.

**100**

# Crimea will stay with Russia – Trump

MOSCOW April 25

The Crimean Peninsula will remain a part of Russia under a final settlement of the Ukraine conflict, US President Donald Trump has said in an interview with Time Magazine published on Friday.

Crimea officially joined the Russian Federation in 2014 after a referendum that followed a Western-backed coup in Kiev. Ukraine and its backers have dismissed the results of the referendum as illegitimate, and Kiev has continued to claim sovereignty over the peninsula, vowing to take it back by any means necessary.

In an interview to mark his first 100 days in office, Trump said Crimea "went to the Russians" long ago and suggested that "everyone understands" that Ukraine will not be able to get it back.

"Crimea will stay with Russia" under a final settlement of the Ukraine conflict, Trump went on to say, adding that even Ukraine's Vladimir Zelensky understands this. "It's been with them for a long time," the US president stated, noting that Russia had its submarines there "long before any period that we're talking about" and that the majority of Crimeans speak Russian.

Trump also stressed that the peninsula was "given" to Russia by former US President Barack Obama, claiming that the whole conflict is "Obama's war," which "should have never happened."

Since returning to office in January, Trump has been pressuring both Moscow and Kiev to settle the conflict. During last year's election campaign, he said he would end the hostilities "within 24 hours" of entering the White House. He told Time, however, that he said this "figu-ratively" as an "exaggeration."

Recently, Trump has signaled that he has grown frustrated with the lack of progress on reaching a resolution of the Ukraine conflict. He has expressed dissatisfaction with Zelensky, saying he has found Russia much easier to negotiate with than the Ukrainian leader. In a Truth Social post this week, the US president criticized Zelensky for refusing to even consider any territorial concessions.

Russia has expressed its appreciation for Trump's peace efforts and has repeatedly indicated that it is open to negotiations. However, Russian officials have stressed that a final peace deal must respect the territorial realities on the ground and address the root causes of the conflict, such as Ukraine's NATO aspirations.

In his interview with Time, Trump acknowledged that Ukraine would likely never be able to join NATO. He cited Kiev's ambitions to enter the US-led bloc as the issue that "caused the war to start."

"If that weren't brought up, there would have been a much better chance that [the conflict] wouldn't have started," he said.

**RT**

# India-Pakistan standoff deepens after Kashmir attack: Key developments

KASHMIR April 25

Tensions between India and Pakistan have sharply escalated following a deadly attack in the Indian-administered Kashmir region that left 26 people dead.

The assault occurred on Tuesday afternoon in Baisaran Valley, known as 'mini Switzerland'. The Resistance Front, a militant group believed to be linked to the Pakistan-based Lashkar-e-Taiba, has reportedly claimed responsibility, prompting New Delhi to accuse Islamabad of supporting cross-border terrorism. Pakistan has denied any role in the attack, instead accusing New Delhi of oppressing the region and its majority-Muslim population.

Relations between Islamabad and New Delhi have been tense for decades. The two neighbors have fought four wars, including one undeclared, and have had numerous border skirmishes.

Since Tuesday's attack, the two nations have taken sweeping steps to further downgrade diplomatic and trade ties. Relations were already in a deep freeze from 2019, when Indian Prime Minister Narendra Modi's government abrogated Article 370 of the constitution, which had granted a degree of autonomy to Jammu and Kashmir.

India moved first this week, expelling Pakistani diplomats, closing its land border, and suspending the key Indus Waters Treaty on Wednesday, saying the move would remain in effect "until Pakistan credibly and irrevocably abjures its support for cross-border terrorism."



Islamabad issued a reciprocal response on Thursday, suspending key bilateral agreements and cross-border routes, closing its airspace to all Indian-owned or operated airlines, and declaring India's defense, naval, and air advisers in Islamabad persona non grata.

**RT**

# Indonesia's Mt. Lewotobi erupts, safety advisory issued

JAKARTA April 25

Mount Lewotobi in Indonesia's East Nusa Tenggara province erupted on Friday, prompting the Volcanology and Geological Disaster Mitigation Center to issue an aviation warning and a safety advisory.

The eruption sent a column of ash up to 3,500 meters into the sky, with thick grey-to-black clouds drifting westward and northwestward from the crater.

To mitigate risks to aviation from volcanic materials, a volcano observatory notice for aviation was issued at the orange level, the second-highest alert, prohibiting aircraft from flying below 5 km near the volcano. Pilots were also cautioned about ash clouds, which can disrupt flights.

A safety advisory was issued to address potential risks to nearby communities, visitors, and tourists. People on the volcano's slopes were warned against engaging in any activities within a 6 km radius of the crater.

Those living near rivers originating from Mount Lewotobi's peak were alerted to the possibility of lava floods during heavy rainfall.

Local communities were advised to wear face masks and mouth-nose coverings to protect against respiratory hazards from volcanic ash.

Standing at 1,584 meters, Mount Lewotobi is one of Indonesia's 127 active volcanoes. The country, situated along the Pacific Ring of Fire, frequently experiences volcanic activity.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Unlikely country emerges as hidden Blue Zone as doctors say switch to Kilimanjaro diet NOW


Dietitians recommend snacking on fruit to take advantage of the Kilimanjaro diet.

The Mediterranean diet has long been hailed as the healthiest way to eat.

Emphasizing lean fish, leafy green vegetables and healthy fats like avocado and olive oil, the diet has roots dating back to ancient Greece and Rome, which are now dubbed Blue Zones.

Blue Zones are places lauded as longevity hotspots with low rates of chronic disease and significant amounts of people living well into their 90s and beyond.

Though the Mediterranean diet has earned the title of healthiest fare year after year, the cuisine a nation in Africa could soon take its place.

Dutch researchers earlier this month found people in Tanzania, which sits on the southeastern edge of Africa bordering Kenya, are far healthier than western nations due to a focus on unprocessed, traditional foods.

The Tanzanian Kilimanjaro diet, named after the volcano Mount Kilimanjaro, focuses on foods like okra, plantains and beans, and drinks like mbege, made with fermented banana and the grain millet.

The researchers found men who followed the Kilimanjaro diet had significantly lower levels of inflammation and stronger immune systems.

Experts behind the study believe it's the diet's lack of processed food that keeps inflammation at bay, lowering the risk of chronic diseases and possibly extending lifespan.

'Our study highlights the benefits of these traditional food products for inflammation and metabolic processes in the body,' said Dr. Quirijn de Mast, lead study author and infectious disease specialist at Radboud University Medical Center in the Netherlands.

'At the same time, we show how harmful an unhealthy Western diet can be.'

The researchers recruited 77 healthy Tanzanian men with an average age of 25.

Of those, 23 men who normally followed the Kilimanjaro diet were asked to switch to a typical western diet for two weeks, which included foods like processed sausages, white bread and fries.

Meanwhile, 22 who typically ate western meals followed the Kilimanjaro plan for two weeks. This included eating corn, okra, plantains, kidney beans and avocados.

Another 22 on the western diet also were asked to drink one serving of mbege every day for a week.

Five men who maintained their normal diets were used as controls.

The researchers found people who switched from the Kilimanjaro to the western diet had higher levels of inflammatory proteins in their blood. Their immune cells were also less effective in warding off pathogens.

The authors said the western diet showed 'systemic inflammation and metabolic dysregulation.'

Those who switched to the Kilimanjaro eating plan, however, saw the opposite effect.

The changes to inflammation levels were still detectable via blood samples for four weeks after the study ended, suggesting the Tanzanian diet had long-lasting benefits.

'Inflammation is at the root of many chronic conditions, which makes this study highly relevant for Western countries as well,' Dr. de Mast said.

However, while this diet seems to have similar effects as the one that came out of the Mediterranean, Tanzania itself is not considered a Blue Zone. The average life expectancy is 67 - in the US, it is 77.

Greece and Italy - two countries that adhere to the Mediterranean diet - have an average life expectancy of 82 and 84 years old, respectively. They are each home to one of the world's five Blue Zones.

According to the latest data, Tanzania had a cancer rate of 140 cases per 100,000 people in 2022, significantly lower than 445 per 100,000 in the US.

Tanzania records about 44,000 cancer cases per year compared to roughly 2 million in the US, though Tanzania has a significantly smaller population - there are roughly 66 million people in Tanzania compared to 330 million in the US.

Both countries have roughly equal diabetes rates, with one in 10 adults being diagnosed with the condition.

Sapna Peruvemba, a dietitian at Health by Sapna, told VegNews those who want to follow the Tanzanian diet should focus on building meals around vegetables, fruits and legumes.

**Mail Online**

# From trade war to trade tango? China eyes tariff shift on certain US goods

BEIJING April 25

After a series of steps in the escalating trade war, the additional "reciprocal" US tariff on Chinese goods reached 125 percent, with China's retaliatory tariff on American goods also reaching 125 percent. Beijing "has the determination and the ability to defend its interests," noted the Chinese Ministry of Commerce in a statement.

China is weighing the possibility of dropping its reciprocal 125 percent tariffs on certain US goods, including medical equipment, chemicals like ethane, and aircraft leases, Bloomberg reported, citing sources.

The news of potential exemptions sparked a market rally, with the offshore yuan rising to 7.2857 per dollar, recovering the 0.1 percent loss it had seen earlier on Friday.

Beijing's move would mirror recent US tariff exemptions, which excluded smartphones, computers and some other electronics imported largely from China.

China and the US have not held negotiations on the tariff issue, Chinese Foreign Ministry spokesman Guo Jiakun said on Thursday when asked to confirm the American side's claims that Beijing and Washington are negotiating a settlement to the trade war.

**Sputnik**

# SPECIAL REPORTS ON INDIA-PAKISTAN CONFLICT

## အိန္ဒုမြစ်ကြောင်းသဘောတူညီချက်ကို အိန္ဒိယဘက်ကဆိုင်းငံ့မှုနဲ့ ဖြစ်ပေါ်လာမယ့်သက်ရောက်မှုများ

အိန္ဒိယနိုင်ငံကထိန်းချုပ်ထားတဲ့ ကက်ရှမီးယားဒေသရှိ ပါဟယ်ဂမ်မြို့မှာ အကြမ်းဖက်သမားများရဲ့တိုက်ခိုက်မှုကြောင့် ခရီးသွားပြည်သူ ၂၆ ဦးသေဆုံးခဲ့တာအားလုံးအသိပါပဲ။ အဲဒီအကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်သူတွေက ပါကစ္စတန်နိုင်ငံထဲမှာ အခြေစိုက်တဲ့အပြင် ဒီဖြစ်စဉ်မှာပါကစ္စတန်နိုင်ငံကလည်း ပါဝင်ပတ်သက်နေတယ်လို့ အိန္ဒိယအစိုးရက ကောက်ချက်ချလိုက်ပါတယ်။ နောက်ဆက်တွဲအကျိုးဆက်က နှစ်နိုင်ငံကြား ရရှိထားတဲ့သဘောတူညီချက်များကို ရပ်ဆိုင်းလိုက်တဲ့အပြင် တစ်နိုင်ငံမှာရှိတဲ့ အခြားတစ်နိုင်ငံမှ နိုင်ငံသားများကို အပြန်အလှန်နှင်ထုတ်ကြတဲ့အထိ ဖြစ်လာခဲ့ပါတယ်။



အိန္ဒိယနိုင်ငံဘက်က ဆိုင်းငံ့လိုက်တဲ့ ပါကစ္စတန်နိုင်ငံနဲ့ သဘောတူညီချက်တွေထဲမှာ အိန္ဒုမြစ်ကြောင်းသဘောတူညီချက်လည်း တစ်ခုအနေနဲ့ပါဝင်ပါတယ်။ အဲဒီသဘောတူညီချက်က အိန္ဒိယနဲ့ပါကစ္စတန်တို့ကြားဆက်ဆံရေးကို အသက်ဆက်စေတဲ့သဘောတူညီချက်လို့ပြောရင်မမှားပါဘူး။ ဒီတော့ အဲဒီသဘောတူညီချက်ကဘာလဲ။ အဲဒီသဘောတူညီချက်ကိုဆိုင်းငံ့လိုက်တဲ့အတွက် ဘယ်လိုမျိုးအကျိုးသက်ရောက်မှုတွေရှိလာနိုင်တယ်ဆိုတာတွေကို ဒီကနေတစ်ဆင့် တင်ပြပေးသွားမှာဖြစ်ပါတယ်။

အိန္ဒုမြစ်ကြောင်းဆိုတာ အိန္ဒုမြစ်ကြီးအပါအဝင် မြစ်လက်တက်ခြောက်ခုပါဝင်တဲ့ မြစ်ကြောင်းစနစ်ကြီးတစ်ခုပါ။ အဲဒီမြစ်လက်တက်ခြောက်ခုအနက် ငါးခုက အိန္ဒုမြစ်ရဲ့ဘယ်ဘက်ကမ်းမှာဖြစ်ပြီး ကျန်တစ်ခုက ညာဘက်ကမ်းမှာဖြစ်ပါတယ်။ အဲဒီအိန္ဒုမြစ်ကြောင်းကြီးဆိုတာ အိန္ဒိယနိုင်ငံနဲ့ပါကစ္စတန်နိုင်ငံတို့အတွက် ပင်မအသက်သွေးကြောကြီးလို့ပြောရင်မမှားပါဘူး။ စိုက်ပျိုးရေးနဲ့ ဆည်ရေသောက်စနစ်အတွက် အဲဒီမြစ်ကြောင်းကြီးကိုပဲ အားကိုးနေကြရတာပါ။

အိန္ဒုမြစ်ကြောင်းကြီးကို အုပ်စုနှစ်ခုခွဲထားပါတယ်။ အိန္ဒုမြစ်ရဲ့ဘယ်ဘက်ခြမ်းမှာရှိတဲ့ ရာဗီ၊ ဘီးနဲ့ ဆုလတ်မြစ်တို့ကို အရှေ့ပိုင်းမြစ်များလို့ခေါ်ပြီး ချီနပ်၊ ဂျီလမ်နဲ့ အိန္ဒုမြစ်တို့ကိုတော့ အနောက်ပိုင်းမြစ်များလို့ခေါ်ပါတယ်။ အိန္ဒိယနဲ့ပါကစ္စတန်တို့ကြား နှစ်ပေါင်းများစွာကြာဆွေးနွေးပြီးနောက် ၁၉၆၀ ပြည့်နှစ်မှာ ကမ္ဘာ့ဘဏ်ရဲ့ကြားဝင်စေ့စပ်ပေးမှုနဲ့ သူတို့နှစ်နိုင်ငံက အိန္ဒုမြစ်ကြောင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြတာပါ။

အဲဒီသဘောတူညီချက်အရ အရှေ့ပိုင်းမြစ်များမှာရှိတဲ့ရေအရင်းအမြစ်များအားလုံးကို အိန္ဒိယနိုင်ငံက အပြည့်အဝအသုံးချပိုင်ခွင့်ရှိပြီး အနောက်ပိုင်းမြစ်များမှာရှိတဲ့ရေအရင်းအမြစ်များအားလုံးကို ပါကစ္စတန်က အသုံးချပိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့လည်း ပါကစ္စတန်နိုင်ငံက မြစ်အောက်ပိုင်းမှာရှိပြီး အိန္ဒိယနိုင်ငံက မြစ်အထက်ပိုင်းမှာရှိနေတဲ့အတွက် ပါကစ္စတန်နိုင်ငံအနေနဲ့ နိုင်ငံအတွက်လိုအပ်တဲ့ရေအရင်းအမြစ် ၈၀ ရာခိုင်နှုန်းကိုရရှိဖို့ အိန္ဒုမြစ်ကြောင်းသဘောတူညီချက်အပေါ် မှီခိုနေရတာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပါကစ္စတန်နိုင်ငံက မြေအောက်ရေကုန်ခန်းမှုနဲ့လည်း ရင်ဆိုင်နေရတဲ့အတွက် ကရာချီလိုမျိုးမြို့ကြီးတွေတောင်မှ ရေသယ်ယာဉ်များအပေါ်မှီခိုအားထားနေရတာပါ။ ဒါကြောင့် အိန္ဒုမြစ်ကြောင်းကနေ ရေစီးဆင်းမှုရပ်တန့်သွားမယ်ဆိုရင် ပါကစ္စတန်နိုင်ငံအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေပျက်စီးပြီး စားရေရိက္ခာပြတ်လပ်မှုနဲ့အတူ စီးပွားရေးမတည်ငြိမ်မှုတွေလည်းဖြစ်လာနိုင်ပါတယ်။

အခုဆက်လက်ပြီးတော့ အိန္ဒိယနိုင်ငံအနေနဲ့ အိန္ဒုမြစ်ကြောင်း သဘောတူညီချက်ကိုဆိုင်းငံ့လိုက်တဲ့အတွက် ဘယ်လိုမျိုးအကျိုးသက်ရောက်မှုတွေရှိလာစေနိုင်တယ်ဆိုတာကို ဆက်လက်တင်ပြသွားပါမယ်။ ပထမဆုံးအချက်က ရေစီးဆင်းမှု၊ နှင်းခဲအရည်ပျော်မှု၊ မြစ်ရေလွှတ်မှုအစရှိတဲ့ သတင်းအချက်အလက်တွေကို အိန္ဒိယက ပါကစ္စတန်ကိုပေးတော့မှာမဟုတ်ပါဘူး။

နောက်တစ်ချက်က အိန္ဒိယနိုင်ငံသည် သဘောတူညီချက်ပါအချက်အလက်များကို မလိုက်နာရတော့တဲ့အတွက် အနောက်ပိုင်းမြစ်များမှရေကို မိမိသဘောရှိသည့်အတိုင်း အသုံးပြုလာနိုင်ပါတယ်။ ဖြစ်နိုင်ခြေအများဆုံးကတော့ ပါကစ္စတန်နိုင်ငံထဲကိုစီးဆင်းနေတဲ့ အနောက်ပိုင်းမြစ်များရဲ့အထက်ပိုင်းမှာ ရေလှောင်ကန်ကြီးတွေထပ်ဆောက်တာ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ်တွေတည်ဆောက်တာမျိုးနဲ့အတူ ရေစီးဆင်းမှုကိုစိတ်ကြိုက်ခြယ်လှယ်လာနိုင်ပါတယ်။

အိန္ဒိယဘက်က အခုသဘောတူညီချက်ကိုရပ်ဆိုင်းခြင်းမဟုတ်ဘဲနဲ့ ဆိုင်းငံ့ခြင်းသာလုပ်ထားတဲ့အတွက် သံတမန်ရေးအရအပေါ်စီးကနေရှိနေစေပါတယ်။ ဒီအချက်ကိုလက်ဆုပ်လက်ကိုင်ပြုပြီး ပါကစ္စတန်အနေနဲ့ နယ်စပ်ဒေသမှာအကြမ်းဖက်မှုတွေကိုအားမပေးဖို့အတွက် ဖိအားပေးလာနိုင်ပါတယ်။ လက်ရှိအခြေအနေမှာ အိန္ဒိယဘက်က သဘောတူညီချက်ကို ဆိုင်းငံ့လိုက်တယ်ဆိုပေမယ့် ပါကစ္စတန်ထဲကိုမြစ်ရေစီးဆင်းမှု လျော့နည်းစေမယ့် ဒါမှမဟုတ် ရပ်တန့်သွားစေမယ့် အခြေခံအဆောက်အဦမရှိသေးပါဘူး။ ဒါကြောင့် လတ်တလောမှာတော့ အိန္ဒိယရဲ့သဘောတူညီချက်ကိုဆိုင်းငံ့မှုက ပါကစ္စတန်နိုင်ငံအပေါ် ချက်ချင်းကြီးအကျိုးသက်ရောက်စေမှာမဟုတ်ပါဘူး။

သို့ပေသော်လည်း အထက်မှာပြောခဲ့သည့်အတိုင်း ပါကစ္စတန်နိုင်ငံဆိုတာမြစ်အောက်ပိုင်းမှာရှိပြီး အိန္ဒိယနိုင်ငံဆိုတာမြစ်အထက်ပိုင်းမှာရှိတဲ့အတွက် အိန္ဒုမြစ်နဲ့ပတ်သက်လာရင် ပါကစ္စတန်ဘက်က အားသာချက်ဆိုတာမရှိပါဘူး။ အခုလိုမျိုး အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံအတွက် အလွန်အရေးပါတဲ့ရေအရင်းအမြစ်ကြီးနဲ့ ခြိမ်းခြောက်လိုက်တဲ့အတွက် နှစ်နိုင်ငံနယ်စပ်မှာမှ အိန္ဒိယနိုင်ငံဘက်အခြမ်းမှာ ဖြစ်ပွားနေတဲ့အကြမ်းဖက်တိုက်ခိုက်မှုတွေမှာ ပါကစ္စတန်က ဘယ်လိုပင်ပါဝင်ပတ်သက်မှုမရှိဘူးပဲပြောပြော သူ့ရဲ့နယ်စပ်မှာခိုအောင်းနေတဲ့ အကြမ်းဖက်သမားတွေကို အတိုင်းအတာတစ်ခုအထိတော့ ဟန့်တားထိန်းချုပ်မှုတွေ လုပ်ဆောင်လာနိုင်ဖွယ်ရှိတယ်လို့ မျှော်လင့်ရပါတယ်။

Ref: TOI

H.M

## အကြမ်းဖက်သမားနှစ်ဦးရဲ့ မိသားစုနေအိမ်များကို အိန္ဒိယဖောက်ခွဲ

ပါဟယ်ဂမ်မြို့မှာဖြစ်ပွားတဲ့အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး ရာဇဝတ်မှုကျူးလွန်သူများအနက် နှစ်ဦးရဲ့မိသားစုများနေထိုင်ရာနေအိမ်များကို အိန္ဒိယစစ်သည်များကဖောက်ခွဲလိုက်တယ်လို့ သိရပါတယ်။

အကြမ်းဖက်တိုက်ခိုက်မှုကိုလုပ်သွားတဲ့သူတွေထဲမှာ အိန္ဒိယနိုင်ငံအတွင်းနေထိုင်သူနှစ်ဦးပါဝင်နေတယ်လို့ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနိုင်ပြီးနောက် သူတို့နှစ်ဦးရဲ့မိသားစုများကို ဖမ်းဆီးစစ်ဆေးမှုတွေလုပ်ဆောင်တယ်လို့ ရဲအရာရှိတစ်ဦးနဲ့ ဖမ်းဆီးစစ်ဆေးခံရသူများရဲ့ ဆွေမျိုးများကပြောပါတယ်။

အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီလ ၂၄ ရက်ညနဲ့ ၂၅ ရက်တစ်ရက်လုံးမှာ အဲဒီနေအိမ်တွေကို ဝိုင်းပတ်ပိတ်ဆို့ပြီး ဖမ်းဆီးစစ်ဆေးမှုတွေလုပ်ဆောင်တာဖြစ်ပါတယ်။ ဒါ့အပြင် နေအိမ်တွေထဲမှာ ဘယ်သူမှမရှိတော့မှသာ အကြမ်းဖက်သမားများရဲ့ မိသားစုနေအိမ်တွေကို တာဝန်ရှိသူတွေက ဖောက်ခွဲလိုက်တာဖြစ်တယ်လို့ဆိုပါတယ်။



ဖောက်ခွဲခံလိုက်ရတဲ့နေအိမ်များထဲမှာ ပါကစ္စတန်နိုင်ငံကိုသွားပြီး အကြမ်းဖက်သင်တန်းတက်ခဲ့သူ အဒေးဟူစီသိုကာရဲ့နေအိမ်လည်းပါဝင်ပါတယ်။ အိန္ဒိယတာဝန်ရှိသူများက ပါဟယ်ဂမ်အကြမ်းဖက်တိုက်ခိုက်မှုနဲ့ပတ်သက်ပြီး အကြမ်းဖက်သမားတစ်ဦးချင်းကို ဖမ်းဝရမ်းထုတ်ထားကာ သူတို့ကိုဖမ်းဆီးနိုင်ဖို့အတွက် သတင်းပေးနိုင်သူကို အကြမ်းဖက်သမားတစ်ဦးစီအတွက် ရူပီးနှစ်သန်းစီ ပေးသွားမယ်လို့ ထုတ်ပြန်ထားပါတယ်။

Ref: TOI

H.M

## နယ်စပ်ထိန်းချုပ်မျဉ်းတစ်လျှောက် အိန္ဒိယနှင့်ပါကစ္စတန်တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

ဧပြီလ ၂၅ ရက်တုန်းက နှစ်နိုင်ငံနယ်စပ်ထိန်းချုပ်မျဉ်းတစ်လျှောက်မှာ အိန္ဒိယနဲ့ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားတယ်လို့ သိရပါတယ်။

ပစ်ခတ်မှုများဖြစ်ပွားချိန်က ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲနဲ့ ၂ နာရီခွဲကြား ဖြစ်ပြီး ကက်ရှမီးယားဒေသရှိ လီပါနယ်မြေမှာဖြစ်ပွားတာဖြစ်တယ်လို့ လုံခြုံရေးတာဝန်ရှိသူတွေကပြောပါတယ်။ လက်ရှိအချိန်အထိတော့ တစ်ဖက်နဲ့တစ်ဖက် ထိခိုက်ဒဏ်ရာရရှိမှုရှိတယ်လို့ ထုတ်ပြန်ထားတာမျိုးမရှိသေးပါဘူး။

ဒီလိုမျိုးအပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရတဲ့အကြောင်းရင်းက နယ်စပ်ထိန်းချုပ်မျဉ်းတစ်လျှောက်မှာရှိတဲ့ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုချိုးဖောက်ပြီးတော့ အိန္ဒိယနိုင်ငံဘက်ကို ပစ်ခတ်မှုတွေလုပ်လာတဲ့အတွက် အိန္ဒိယဘက်ကလည်း တုံ့ပြန်ပစ်ခတ်ခဲ့ရတာဖြစ်တယ်လို့ အိန္ဒိယတပ်မတော်အရာရှိတစ်ဦးက ပြောထားပါတယ်။

လက်ရှိဖြစ်ပွားနေတဲ့အခြေအနေတွေနဲ့ပတ်သက်ပြီး နျူကလီးယားလက်နက်ပိုင်နိုင်ငံများဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံတို့အနေနဲ့ တစ်ဖက်နဲ့တစ်ဖက်အပြန်အလှန်သည်းခံကြဖို့ ကုလသမဂ္ဂကတိုက်တွန်းထားပါတယ်။

အိန္ဒိယနဲ့ ပါကစ္စတန်တို့ကြားဆက်ဆံရေးဟာ ပါဟယ်ဂမ်အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အနိမ့်ဆုံးအဆင့်သို့ ရောက်သွားပြီပဲဖြစ်ပါတယ်။

Ref: TOI

H.M

# ယူကရိန်းက လုံခြုံရေးအာမခံချက်နှင့် နယ်မြေကိုလဲလှယ်ရန် အသင့်ဖြစ်နေပြီဟုဆို


**လန်ဒန်၊ နိုင်ငံရေး**

ယူကရိန်းနိုင်ငံက ငြိမ်းချမ်းရေးအတွက် သတ်မှတ်ချက်များပါဝင်သည့် အဆိုပြုချက်အသစ်ကို အမေရိကန်ပြည်ထောင်စုသို့ပေးအပ်လိုက်ပြီဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်များထဲတွင် ၎င်းအတွက် လုံခြုံရေးအာမခံချက်နှင့် ရုရှားထံသို့ဆုံးရှုံးသွားသောနယ်မြေကိုလဲလှယ်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း The Daily Telegraph သတင်းစာက ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းတို့၏အစီအစဉ်တွင် အချက်ငါးချက်ပါဝင်ကြောင်း၊ ပထမဆုံးအချက်မှာ ခရိုင်းမီးယားဒေသကိုသာမက ရုရှားနိုင်ငံနှင့်ပေါင်းစည်းသွားသည့်ဒေသများကိုပါ စွန့်လွှတ်မည့်အကြောင်းကို ရေးသားဖော်ပြထားကြောင်း၊ တစ်ချိန်တည်းမှာပင် ယူကရိန်းကိုယ်စားလှယ်များက ၎င်းတို့နိုင်ငံအတွက်ရှင်းလင်းပြီးသေချာမှုရှိသည့် လုံခြုံရေးအာမခံချက်ကိုပေးရန် တောင်းဆိုထားကြောင်း သတင်းစာတွင် ဖော်ပြထားသည်။

သို့သော် ယူကရိန်းက တပ်မတော်သို့မဟုတ် ကာကွယ်ရေးဆိုင်ရာလုပ်ငန်း၏အရွယ်အစားကိုလျှော့ချရန် ဆန့်ကျင်ထားပြီး ရုရှားနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများအတွက် အန္တရာယ်တစ်ခုဖြစ်သည်ဟု အမေရိကန်သို့ပေးသောစာ၌ဖော်ပြထားသည်။

ယင်းမတိုင်မီက အမေရိကန်အစိုးရအနေဖြင့် ယူကရိန်းငြိမ်းချမ်းရေးအတွက် အချက်ခုနစ်ချက်ပါသော အစီအစဉ်ကို တင်ပြခဲ့ရာ ထိုအထဲတွင်ချက်ချင်းအပစ်အခတ်ရပ်စဲရန်၊ ရုရှားနှင့်ယူကရိန်းတို့ကြားတိုက်ရိုက်တွေ့ဆုံဆွေးနွေးရန်ခရိုင်းမီးယားနှင့်ဒေသအချို့ကို ရုရှားနိုင်ငံပိုင်အဖြစ်သတ်မှတ်ရန်ပါဝင်သည်။ Ref: Tass



# နှစ်ပေါင်း ၅၀၀၀ ခန့်မှ မျိုးရိုးမြင့်မြတ်သူအမျိုးသမီး၏ရုပ်ကြွင်းကိုတွေ့ရှိ

**လီမာ၊ ရှေးဟောင်းသုတေသန**

ပီရူးနိုင်ငံရှိ အထွတ်အမြတ်ထားရာမြို့တစ်မြို့ဖြစ်သည့်ကာရယ်မြို့တွင်နှစ်ပေါင်း ၅၀၀၀ ခန့်မှ မျိုးရိုးမြင့်မြတ်သူအမျိုးသမီးတစ်ဦး၏ရုပ်ကြွင်းကို တူးဖော်တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသနပညာရှင်များကပြောသည်။

ယခုကဲ့သို့ အမျိုးသမီး၏ရုပ်ကြွင်းကိုတွေ့ရှိရခြင်းသည် အမေရိကဒေသ၌ သက်တမ်းအရင့်ဆုံးသော လူနေမှုစနစ်ဗဟိုချက်တွင် အမျိုးသမီးများ၏အရေးပါသည့်အခန်းကဏ္ဍကို ဖော်ထုတ်နိုင်စေမည်ဖြစ်သည်ဟု ပညာရှင်များကပြောသည်။

အဆိုပါရုပ်ကြွင်းကို ကာရယ်မြို့ရှိ ရှေးဟောင်းသုတေသနနယ်မြေဖြစ်သော အက်စပဲရိုး၌တူးဖော်တွေ့ရှိခြင်းဖြစ်ကြောင်း၊ ထိုရုပ်ကြွင်းကို မံမီအဖြစ်စီရင်ထားသည့်အတွက် အရေပြား၊ လက်သည်းခွံများနှင့် ဆံပင်များရှိနေသေးကြောင်းနှင့် ကော့ယင်ငှက်နှုတ်သီးလည်းပါဝင်ကြောင်း သုတေသနပညာရှင် ပါလိုမီနိုကပြောသည်။

ပဏာမစစ်ဆေးမှုရလဒ်များအရ ထိုအမျိုးသမီးသည်အသက် ၂၀ မှ ၃၅ ဝန်းကျင်ရှိကြောင်း၊ ၎င်း၏အဆင့်အတန်းကို ဖော်ပြသည့်ခေါင်းဆောင်းကိုဆောင်းထားကြောင်း တွေ့ရှိရသည်။ Ref: BP



# အမေရိကန်နှင့်ဂျပန်ဖျက်သင်္ဘောများကို ရန်သူ့စစ်ရေယာဉ်များအဖြစ် တရုတ်သတ်မှတ်

**ပေကျင်း၊ စစ်ရေး**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်က အမေရိကန်၏ Arleigh Burke အတန်းအစားဖျက်သင်္ဘောနှင့် ဂျပန်နိုင်ငံ၏ Atago အတန်းအစားဖျက်သင်္ဘောတို့ကို ရန်သူ့စစ်ရေယာဉ်များအဖြစ်သတ်မှတ်လိုက်ကြောင်းသိရသည်။

အမေရိကန်၏ Arleigh Burke အတန်းအစားဖျက်သင်္ဘောတစ်စင်းဖြစ်သည့် USS William P. Lawrence သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထိုင်ဝမ်ရေလက်ကြားကိုဖြတ်သန်းသွားလာပြီးနောက် တရုတ်တပ်မတော်က ယခုကဲ့သို့ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထိုင်ဝမ်ရေလက်ကြားကိုဖြတ်သန်းသွားသည့် အမေရိကန်ဖျက်သင်္ဘောကို လိုက်ပါစောင့်ကြည့်ခဲ့သော တရုတ်ရေတပ်၏ Nanjing Type 052D အမျိုးအစားပဲ့ထိန်းဒုံးကျည်တင် ဖျက်သင်္ဘောတွင် အဆင့်မြင့်သင်္ဘောဖျက် ဒုံးကျည်များ တပ်ဆင်ထားကြောင်းနှင့် ယင်းဒုံးကျည်များက အမေရိကန်နှင့်ဂျပန်တို့၏ဖျက်သင်္ဘောများကို ထိရောက်စွာဟန့်တားပစ်ခတ်နိုင်စွမ်းရှိကြောင်း ထိုသင်္ဘောပေါ်တွင်လိုက်ပါလာသည့် တရုတ်ခရီးသွားတစ်ဦးက ရေးသားထားသည်။ Ref: SCMP

## သတင်းတိုကဏ္ဍ

### ဂါဇာတွင် WFP ကစုပုံထားသော စားနပ်ရိက္ခာများ ပြတ်လပ်နေပြီဟုဆို

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က ဂါဇာတွင်စုပုံထားသော စားနပ်ရိက္ခာများ ပြတ်လပ်နေပြီဖြစ်ကြောင်း၊ အကြောင်းရင်းမှာ ဂါဇာသို့ဝင်လမ်းထွက်လမ်းများကိုဆက်လက်ပိတ်ထားနေဆဲဖြစ်သောကြောင့်ဖြစ်ကြောင်း WFP ၏ ဧပြီလ ၂၅ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

စုပုံထားသောစားနပ်ရိက္ခာများအနက် နောက်ဆုံးလက်ကျန်များကို ဧပြီလ ၂၅ ရက်တွင် ဂါဇာရှိစားဖိုဆောင်များသို့ ပေးဝေခဲ့ပြီးဖြစ်ကြောင်း၊ ထိုစားဖိုဆောင်များသည်လည်း လာမည့်ရက်ပိုင်းအတွင်းမှာပင် အစားအစာများလုံးဝပြတ်လပ်သွားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

အလားတူ ဂါဇာဒေသသို့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများမဝင်ရောက်နိုင်သည်မှာ သီတင်းပတ်ခုနစ်ပတ်ခန့်ကြာမြင့်နေပြီဖြစ်ကြောင်း၊ ဂါဇာသို့ဝင်ပေါက်ထွက်ပေါက်များအားလုံးပိတ်ထားရဆဲဖြစ်ကြောင်း WFP က ပြောသည်။ အစ္စရေးကမူ ဂါဇာ၌အငတ်ဘေးဆိုက်နေခြင်းမရှိကြောင်း ပြောထားသည်ဟုသိရသည်။ Ref: TST

### ဥရောပသမဂ္ဂအနေဖြင့် ကမ္ဘာပေါ်ရှိစစ်ပွဲများကို ထောက်ပံ့ပေးနေမှုရပ်တန့်ရန် ဥရောပလွှတ်တော်အမတ်ပြော

ဥရောပသမဂ္ဂအနေဖြင့် ကမ္ဘာပေါ်ရှိစစ်ပွဲများကိုထောက်ပံ့ပေးနေမှုရပ်တန့်ရန် သြစတြီးယားနိုင်ငံမှ ဥရောပလွှတ်တော်အမတ် ဟာရယ်ဝီလင်စကီကပြောသည်။

ဥရောပသမဂ္ဂသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းမည်ဟုကတိပြုထားကြောင်း၊ ထိုသို့ကတိပြုထားသည့်အတိုင်းပင် စစ်ပွဲများအတွက် ငွေကြေးများထောက်ပံ့နေမှုကိုရပ်တန့်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထို့ပြင် ဥရောပကော်မရှင်ဥက္ကဋ္ဌကို မည်သူကမျှခြိမ်းခြောက်ခြင်းမရှိကြောင်း၊ အခြေခံအားဖြင့် ဥရောပသမဂ္ဂဆိုသည်မှာ ငြိမ်းချမ်းရေးစီမံကိန်းတစ်ခုပင်ဖြစ်ပြီး စစ်ပွဲဆင်နွှဲရေးအတွက် လက်နက်တစ်ခုမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးရန်ပုံငွေများဖြင့် စစ်ပွဲများကိုထောက်ပံ့ပေးနေသည်မှာ အဓိပ္ပာယ်မရှိကြောင်း ဟာရယ်ဝီလင်စကီကပြောသည်ဟု ၎င်း၏ပါတီကထုတ်ပြန်ထားသည်။ Ref: Tass

### ယူကရိန်းအရေး အမေရိကန်နှင့်သဘောတူညီချက်ရရန် ရုရှားအသင့်ရှိ

ယူကရိန်းအရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံနှင့်သဘောတူညီချက်ရရှိရန် ရုရှားအစိုးရကအသင့်ရှိနေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံးသည် ယူကရိန်းပဋိပက္ခရပ်ဆိုင်းရေးအတွက် သဘောတူညီချက်တစ်ခုကိုအပြီးသတ်ရန် လမ်းကြောင်းမှန်ပေါ်တွင်ဆက်လက်လျှောက်လှမ်းနေပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

လက်ရှိအချိန်တွင် အမေရိကန်သမ္မတကအဆိုပြုထားသော သဘောတူညီချက်နှင့်ပတ်သက်၍ အရေးကြီးသောအချက်အလက်အချို့ကို ဆက်လက်ဆွေးနွေးနေကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အမေရိကန်သမ္မတ၏အထူးကိုယ်စားလှယ် စတိဝစ်ကော့နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့က ဆွေးနွေးနေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးကဆက်ပြောသည်။

၎င်းက သဘောတူညီချက်များရရှိရန် နီးစပ်နေပြီဟုဆိုထားသော်လည်း ယင်းသဘောတူညီချက်ပါအကြောင်းအရာများကိုမူ ထုတ်ဖော်ပြောထားခြင်းမရှိကြောင်း သိရသည်။ Ref: RT

### ထိုင်းနိုင်ငံ၌ ရဲတပ်ဖွဲ့ပိုင်လေယာဉ်ပျက်ကျ လူခြောက်ဦးသေဆုံး

ထိုင်းနိုင်ငံ၏အပန်းဖြေမြို့တစ်မြို့ဖြစ်သည့် ဟွာဟင်းမြို့၌ ဧပြီလ ၂၅ ရက် နံနက်ပိုင်းတွင် ရဲတပ်ဖွဲ့ပိုင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ လူခြောက်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ကထုတ်ပြန်သည်။

ရဲတပ်ဖွဲ့လေကြောင်းဌာနကပိုင်ဆိုင်သော ထိုလေယာဉ်ငယ်သည် ချာအမ်းခရိုင်ပင်လယ်ပြင်၌ ပျက်ကျခြင်းဖြစ်ပြီး လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးစလုံးသေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ၎င်းတို့၏လူမှုကွန်ရက်စာမျက်နှာတွင်ရေးသားဖော်ပြထားသည်။

ယင်းလေယာဉ်သည်ဟွာဟင်းလေဆိပ်မှပျံတက်ပြီးနောက် မကြာမီ အင်ဂျင်ချွတ်ယွင်းခြင်းကြောင့် ပင်လယ်ပြင်ထဲသို့ ခေါင်းစိုက်ထိုးကျသွားခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့မတော်တဆမှုဖြစ်ရသည့်ကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ လေယာဉ်သည် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ပျက်ကျသွားကြောင်း ရဲတပ်ဖွဲ့ထံသို့သတိပေးချက်ရရှိသည်ဟု သိရသည်။ Ref: Xinhua

# အချိန်အခါမဟုတ် မိုးရွာနိုင်မည့်သတိပေးချက်


နေပြည်တော် ဧပြီ ၂၅

ယနေ့ညနေ၅နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့်တရုတ်ပြည်မကြီးပေါ်ရှိလေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသောလေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း ဧပြီလ ၂၈ ရက်မှ မေလ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။


သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)


၂၀-၄-၂၀၂၅ ရက်နေ့မှ ၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သချၤာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂၈-၄-၂၀၂၅ ရက်နေ့မှ ၂၉-၄-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သချၤာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၂-၅-၂၀၂၅ ရက်နေ့မှ ၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သချၤာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




# မန္တလေးငလျင်ကြီးကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းပျက်စီးခဲ့မှုနှင့် ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့်ကုန်ထုတ်လုပ်ငန်းများ ပျက်စီးခဲ့မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကွမ်းခြံစုကျေးရွာရှိ အဂ္ဂဂေဟာပန်းပုလုပ်ငန်းသို့ရောက်ရှိပြီး ပန်းပုလုပ်ငန်းအဆောက်အအုံများပျက်စီးခဲ့မှုနှင့်ပြန်လည်ပြုပြင်ပြီးလုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ ပျဉ်းမနားမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ရွှေဥဒေါင်းပဲခွဲစက်နှင့်ပဲကြော်ပဲလှော်လုပ်ငန်းသို့ရောက်ရှိပြီး အဆောက်အအုံနှင့်ပဲလှော်ဖိုများပျက်စီးခဲ့မှုနှင့်လုပ်ငန်းများ ပြန်လည် လည်ပတ်ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံသို့ရောက်ရှိပြီး ရုံးအဆောက်အအုံများ၊ နွားခြံနှင့်ကြက်ခြံပျက်စီးမှုအခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာရှိအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် အပ်ချုပ်စက်သင်တန်းဆင်းသူများဖွင့်လှစ်ထားသည့် ယွန်းမီ အပ်ချုပ်ဆိုင်ကို ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ပိုမိုအောင်မြင်စေရေး စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သောအင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီလ ၂၅ ရက်အထိ သေဆုံးသူ ၃၇၆၄ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၁၁၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၃ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီလ ၂၄ ရက် ည ၈ နာရီ ၄၅ မိနစ်မှ ဧပြီလ ၂၅ ရက်ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံက ထောက်ပံ့ပေးသည့်ဆေးပစ္စည်းစုစုပေါင်းတန်ချိန် ၅ ဒသမ ၄၅ တန်၊ တရုတ်မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးမြှင့်တင်ရေးအသင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီပေးသည့်ဆေးဝါးပစ္စည်း စုစုပေါင်းတန်ချိန် ၁ ဒသမ ၅၁ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၄-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၀၅ | ၂၉၂၀ | ၂၈၈၅ | ၂၈၂၀ | ၂၉၂၅ | ၂၉၄၀ | ၂၉၅၅ | ၂၈၇၅ | ၄၅၀၅ | ၃၁၇၀ | ၂၈၉၅ | ၂၈၉၅ | ၂၉၆၅ | ၂၉၃၀ | ၂၉၅၀ | ၃၂၃၀ |
| 95 Ron | ၂၈၆၅ | ၂၉၇၅ | ၂၉၄၅ | ၂၈၇၅ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | ၄၅၆၀ | ၃၂၂၅ | ၂၉၅၀ | ၂၉၅၀ | ၃၀၂၀ | ၂၉၈၅ | ၃၀၁၀ | ၃၂၆၅ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၅၀ | ၂၅၁၅ | ၂၄၅၀ | ၂၅၅၅ | ၂၅၇၀ | ၂၅၉၀ | ၂၅၁၀ | - | ၂၈၀၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၉၅ | ၂၅၆၀ | ၂၅၈၅ | ၂၈၄၀ |
| HSD (50 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၈၃၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (10 ppm) | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | - | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၂ | ၂၇၂၈ |
| 95 Ron | ၂၆၉၇ | ၂၇၈၅ |
| HSD (500 ppm) | ၂၂၈၅ | ၂၃၆၀ |
| HSD (50 ppm) | ၂၈၄၂ | ၂၉၂၈ |
| HSD (10 ppm) | ၂၈၄၂ | ၂၉၂၈ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်ဒေသကြက်မွေးမြူရေးဆီသို့

ကိုကျော်စွာ(ကျိုက်ပိ)

ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲနိုင်ငံဟူ၍ရှိရာ ဖွံ့ဖြိုးပြီးသောနိုင်ငံများသည် နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးချင်းစီ၏ ဝင်ငွေရရှိမှုမြင့်မားကြသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် တစ်ဦးချင်း၏ဝင်ငွေရရှိမှုမြင့်မားစေရန် ကြိုးစားဖို့လိုသည်။ ထိုသို့တစ်ဦးချင်းဝင်ငွေမြင့်မားလာပါက ကျေးလက်ဒေသမှ မြို့ပြအထိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့နောက်မှ မြို့နယ်တစ်ခုလုံး၊ ခရိုင်တစ်ခုလုံး၊ တိုင်းဒေသကြီးတစ်ခုလုံး၊ ထို့နောက်မှ မြန်မာတစ်နိုင်ငံလုံးအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပေမည်။

မြန်မာနိုင်ငံရှိလူဦးရေကို ကျေးလက်နေလူဦးရေနှင့်မြို့ပြလူဦးရေဟုရှိရာ ကျေးလက်နေလူဦးရေကပိုများသည်။ ကျေးလက်နေလူဦးရေသည် ၇၀ ရာခိုင်နှုန်းရှိပြီး မြို့ပြလူဦးရေက ၃၀ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူအများစုသည် ကျေးလက်နေလူများသာဖြစ်ကြသည်၊ မွေးမြူရေးလုပ်ငန်းကိုလည်း ကျေးလက်နေပြည်သူများသာ အများဆုံးလုပ်ကိုင်ကြသည်။ ကျေးလက်နေပြည်သူများ၏ အခြေခံစီးပွားရေးသို့မဟုတ် တစ်ဦးချင်းဝင်ငွေရရှိမှုမြင့်မားလာပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်မှာမလွဲပေ။ ထိုသဘောကိုအခြေခံပြီး နိုင်ငံတော်အနေဖြင့် မွေးမြူရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်စေရန် အားပေးလျက်ရှိသည်ဟုယူဆသည်။ မွေးမြူရေးလုပ်ငန်းအမျိုးမျိုးရှိသည်။ ငါးမွေးမြူရေး၊ ဆိတ်မွေးမြူရေး၊ ကျွဲ၊ နွားမွေးမြူရေး၊ ဝက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေးနှင့် တိုင်းရင်းကြက်မွေးမြူရေးတို့ဖြစ်သည်။ယခုစာရေးသူအနေဖြင့် စီးပွားဖြစ်ဒေသတိုင်းရင်းကြက်မွေးမြူရာတွင် သိထားသင့်သည်များကိုဖော်ပြသွားမည်ဖြစ်သည်။

**ဒေသတိုင်းရင်းကြက်မျိုးများ**

စာရေးသူတို့နိုင်ငံတွင် ၂၀၂၃ ခုနှစ် ကြားတိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမှုအရ တိုင်းရင်းကြက်၊ ဥစားကြက်၊ အသားတိုးကြက်စုစုပေါင်းအကောင်ရေ ၈၀ ဒသမ ၈၆ သန်းရှိရာ ဒေသတိုင်းရင်းကြက်ကောင်ရေ ၅၄ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်ဟုသိရသည်။ တိုင်းရင်းကြက်မွေးမြူရေးသည် ပြည်သူတို့အတွက် စားနပ်ရိက္ခာဖူလုံစေရေး အဓိကပံ့ပိုးပေးနေသည့် မွေးမြူရေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။ ဒေသတိုင်းရင်းကြက်ကို အများအားဖြင့် ကျေးလက်ဒေသများ၌ အများဆုံးမွေးမြူကြသည်။ စာရေးသူ၏အသိတစ်ယောက်ဆိုလျှင် တိုင်းရင်းကြက်အကောင်ရေ ၁၀၀ ခန့် မွေးမြူထားသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင်အတွေ့များသော တိုင်းရင်းကြက်မျိုးများမှာ –

(၁) စစ်တကောင်းကြက်၊

(၂) အင်ပင်ဝကြက်၊

(၃) လည်ပြောက်ကြက်၊

(၄) တိုက်ကြက် ဟူ၍လေးမျိုးတွေ့ရသည်။

ထိုကြက်လေးမျိုးအနက် စစ်တကောင်းသည် ကြီးထွားနှုန်းကောင်းသောကြက်မျိုးဖြစ်ပြီး အလေးချိန်စီးသည်။ တိုက်ကြက်က ဈေးကောင်းသောကြက်မျိုးဖြစ်သည်။ တချို့က တိုက်ကြက်ကိုသီးသန့်မွေးမြူကြပြီး ခွပ်လက်ကောင်းသောကြက်ဖြစ်ပါက တိုက်ကြက်ဖတစ်ကောင်လျှင် သိန်းချီ၍ဈေးရသည်။

**ဒေသတိုင်းရင်းကြက်မွေးမြူရေး၏အားသာချက်**

ဒေသတိုင်းရင်းကြက်သည် ဥစားကြက်၊ အသားတိုးကြက်တို့ကဲ့သို့ မီးပေးခြင်း၊ အမှောင်ချခြင်းမျိုးမပြုလုပ်ရသဖြင့် ကုန်ကျစရိတ်သိပ်မများဘဲ မွေးမြူနိုင်ပြီး အကျိုးအမြတ်ရှိသောမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ တိုင်းရင်းကြက်မွေးမြူရာတွင် အားသာချက်များရှိသည်။

အဆောက်အအုံ၊အစာနှင့်ဆေး၊ကြက်ခြံသုံးပစ္စည်းနှင့်လုပ်အားခအတွက် ကုန်ကျစရိတ်သက်သာခြင်း၊ ရောဂါဒဏ်၊ ရာသီဥတုဒဏ်နှင့်အစာအာဟာရချို့တဲ့မှုဒဏ်ကို အခြားကြက်မျိုးများထက် ခံနိုင်ခြင်း၊ မိမိဒေသပတ်ဝန်းကျင်ရှိ သဘာဝအစာကို ရှာဖွေစားသောက်ကြသဖြင့် အစာစရိတ်သက်သာခြင်း၊ သားပေါက်ရာတွင် ဖောက်စက်မလိုဘဲ ဝပ်ကျင်း၌ဝပ်၍သားပေါက်စေခြင်း၊ ကြက်ကလေးများအား မိခင်စိတ်ဖြင့်ထိန်းသိမ်းစောင့်ရှောက်ပေးဖြင့် ကြက်ငယ်များအား ဂရုစိုက်ထိန်းသိမ်းမှုမလုပ်ရခြင်း၊ အရွယ်ရောက်သောကြက်ငယ်များသည် မိမိကိုယ်တိုင်အစာရှာဖွေစားသောက်ခြင်းနှင့် မိမိကိုယ်ကိုကာကွယ်နိုင်ခြင်း၊ တိုင်းရင်းကြက်သားသည် အရသာကောင်းမွန်ခြင်း၊ တိုင်းရင်းကြက်၏ဥသည် အရည်အသွေးကောင်းပြီး အင်အားနှင့် အာဟာရကိုဖြစ်စေခြင်းစသည်တို့ဖြစ်သည်။သို့သော် တိုင်းရင်းကြက်မွေးမြူရာတွင် သတိပြုရမည့်အချက်မှာ ပူပြင်းသောရာသီမျိုး၌ ကြက်နာကျတတ်သဖြင့် ထိုရာသီမျိုးတွင် အထူးဂရုစိုက်ဖို့လိုသည်။ ကြက်နာကျပါက အနာကျသည့် ကြက်ကိုသီးခြားခွဲထားပေးရမည်။

**ဒေသတိုင်းရင်းကြက်မွေးမြူရေး**

ဒေသတိုင်းရင်းကြက်မွေးမြူရာတွင် မွေးမြူနည်းနှစ်မျိုးရှိသည်။ ပထမတစ်နည်းက လွှတ်ကျောင်းမွေးမြူနည်းဖြစ်ပြီး ဒုတိယတစ်နည်းမှာ ခြံခတ်မွေးမြူနည်းဖြစ်သည်။ ကြက်ကောင်ရေ ၁၀၀ ဝန်းကျင်အထိကို လွှတ်ကျောင်းမွေးမြူနည်းစနစ်ဖြင့် မွေးမြူထားသည်ကိုတွေ့ဖူးသည်။ အထက်တွင် ဖော်ပြခဲ့သည်မှာ စာရေးသူအသိတစ်ယောက်မွေးမြူထားခြင်းဖြစ်သည်။ မွေးမြူရာ အိမ်အဝန်းအဝိုင်းသည် ကျယ်သည်။ ကွင်းပြင်၌ အိမ်ကိုသီးခြားဆောက်ထားပြီး ထိုအိမ်ခြံအတွင်း မွေးမြူထားခြင်းဖြစ်သည်။ ကွင်းခြံမျိုးဟုဆိုနိုင်သည်။ အိမ်ပတ်ပတ်လည်မှာ လယ်ကွင်းများဖြစ်ပြီး အစာကိုလယ်ကွင်းများနှင့် အိမ်ခြံဝင်းအတွင်းရှာဖွေစားသောက်ကြသည်။ ယင်းစနစ်ကို မိရိုးဖလာလွှတ်ကျောင်းမွေးမြူခြင်းဟုခေါ်သည်။ သို့သော် မိရိုးဖလာလွှတ်ကျောင်းစနစ်တွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိသည်။ အားသာချက်မှာ ကြက်များအတွက် ခြံသီးခြားဆောက်လုပ်ပေးစရာမလိုသည့်အတွက်ခြံအတွက် ကုန်ကျစရိတ်သက်သာသည်။ သို့သော် ညဘက်အိပ်ချိန်တွင် တချို့ကြက်များက အိပ်တန်းပြုလုပ်ပေးထားသဖြင့် အိပ်တန်းတွင် အိပ်ကြသော်လည်း တချို့ကြက်များကအိပ်တန်းတွင်မအိပ်ဘဲ ခြံဝင်းအတွင်းရှိသစ်ပင်များပေါ်၌အိပ်ကြသဖြင့် ညအခါ မြွေအန္တရာယ်ရှိသည်။ နေ့အခါတွင် ကြက်ပေါက်ကလေးများသိမ်းငှက်၊ စွန်ကဲ့သို့သော အမဲလိုက်ငှက်များရန်ကိုကြောက်ရသည်။ ကြက်ခြံမရှိသဖြင့်ရောဂါအလွယ်တကူဖြစ်ပွားနိုင်သလို ကူးစက်မှုလည်းမြန်သည်။ ကြက်များကိုလွှတ်ထားသဖြင့် ရောဂါဖြစ်နေသောကြက်ကိုသတိပြုမိရန်ခက်ခဲသည်။ ထိုအခါ အခြားကြက်များကိုပါ ရောဂါအလွယ်တကူကူးစက်သွားနိုင်သည်။ ထို့ပြင် သားစားသတ္တဝါတို့၏စားသောက်ခြင်းနှင့် အလွယ်တကူလည်း ခိုးယူခံရနိုင်သည်။ ဤကား လွှတ်ကျောင်းစနစ်၏အားသာချက်နှင့် အားနည်းချက်ဖြစ်သည်။



ခြံလှောင်စနစ်ဖြင့်မွေးမြူမည်ဆိုပါက ကြက်ခြံကို ခြောက်သွေ့သောနေရာနှင့် ရေလွှတ်သောနေရာမျိုးကိုရွေးချယ်ပါ။ တချို့က ရေမလွှတ်သောနေရာမျိုး၌ ခြံကိုမြင့်မြင့်ဆောက်၍ ဝါးခြမ်း သို့မဟုတ် ဝါးလုံးကို ခင်းကြသည်။ ဘေးအကာကို ဇာစိမ်းစကာရံသည်ကိုလည်းတွေ့ဖူးသည်။ ပိုက်အကွက်ကျဲကျဲ ကာထားသည်လည်းရှိသည်။ပိုက်ကွက်ကျဲကျဲကာခြင်းသည် လေဝင်လေထွက်ပိုကောင်းသည်။ ခြံလှောင်စနစ်သည်လည်း အခြားသောမွေးမြူရေးလုပ်ငန်းများကဲ့သို့ စရိတ်သိပ်မများလှပါ။ခြံအတွင်းထည့်ကာမွေးမြူခြင်းမျိုးဖြစ်သည်။ မီးပေးခြင်း၊ ရေအတွင်းဆေးထည့်ပေးခြင်းမျိုးလုပ်စရာမလိုပေ။ မိမိအိမ်အလုပ်လုပ်ရင်းဖြင့်သာ မွေးမြူနိုင်သဖြင့် လူအား၊ ဆေးနှင့်ခြံသုံးပစ္စည်း၊ လုပ်အားခ ကုန်ကျစရိတ်သက်သာသည်။ ခြံလှောင်စနစ်၏ နောက်ထပ်အားသာချက်တစ်ခုမှာ ကြက်ခြံအတွင်း ညအိပ်တန်းများထားပေးနိုင်သည်။ မထားလည်းရသည်။ ဥဥရန်နေရာပြုလုပ်ပေးထားရမည်။ ခြံဖြင့်မွေးမြူခြင်းသည် ကြက်များညအိပ်ချိန်မြွေအန္တရာယ်ကင်းရှင်းခြင်း၊ ခွေး၊ ကြောင်နှင့်အခြားသားစားသတ္တဝါတို့ရန်မှလည်း ကာကွယ်ပေးနိုင်သည်။ ခြံကို ပိုက်ကာထားပေးခြင်းဖြင့် နေ့ဘက်တွင် အမဲလိုက်လေ့ရှိသော သိန်းငှက်နှင့်စွန်တို့အန္တရာယ်မှ ကာကွယ်ပေးပြီး ညဘက်တွင်ဇီးကွက်အန္တရာယ်မှ ကာကွယ်ပေးသည်။ အများအားဖြင့် ထိုသတ္တဝါများသည် ကြက်ပေါက်ကလေးများကိုသာ အမဲလိုက်လေ့ရှိကြသည်။

**တိုင်းရင်းကြက်တွင်ဖြစ်တတ်သောရောဂါများ**

အများအားဖြင့် တိုင်းရင်းကြက်များသည်ကြက်နာကျသည်ကများသည်။ ကြက်နာကျခြင်းဆိုသည်မှာ အဆိုပါကြက်သည် အစာမစားဘဲ တစ်နေရာရာတွင် ငြိမ်ကုပ်ပြီး မှိုင်နေခြင်းမျိုးဖြစ်သည်။ ထိုလက္ခဏာမျိုးကိုတွေ့ပါက ကြက်နာကျခြင်းဟုသိပြီး ထိုကြက်ကို အခြားကြက်များနှင့်ရောနှောမထားဘဲ သီးခြားခွဲထားခြင်းဖြင့် အခြားကြက်များအား ကူးစက်မှုကို ကာကွယ်ပေးနိုင်သည်။ ကြက်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် ကြက်ခြံသန့်ရှင်းရေးသည် အဓိကဖြစ်သည့်အတွက် ကြက်ခြံကိုနေ့စဉ်သန့်ရှင်းပေးရမည်။ ကြက်ကျန်းမာရေးအတွက် ခြံသန့်ရှင်းရေးလုပ်ချိန်တွင်ကြက်ချေးကိုကြည့်ရှုစစ်ဆေးပေးရသည်။ ကြက်ချေးအရောင်နှင့် ဖွဲ့စည်းမှုကိုကြည့်ရှုစစ်ဆေးရသည်။ ကြက်ချေးဖွဲ့စည်းမှုဟုဆိုခြင်းမှာ ကြက်ချေး၏ အခဲ၊ အရည်နှင့်အပျစ်၊ အကျဲစသည်တို့ကိုဆိုလိုဟန်တူသည်။ ဒေသတိုင်းရင်းကြက်များ၏အဓိကရောဂါမှာ ကြက်လည်လိမ်ရောဂါဖြစ်သည်။ ထိုရောဂါသည် ကြက်အရွယ်အစားမရွေးဖြစ်နိုင်သည်။ လည်ပင်းလိမ်၍သေဆုံးခြင်းဖြစ်သည်။ လည်လိမ်ရောဂါသည် ကူးစက်မှုမြန်ပြီး ကြက်၏လက္ခဏာမှာ မှုန်ကုပ်နေတတ်သည်။ လည်လိမ်ရောဂါဖြစ်မှန်းမသိပါက ရက်ပိုင်းအတွင်းကြက်တစ်အုပ်လုံးဆုံးရှုံးသွားနိုင်သည်။ နောက်ထပ်အဖြစ်အများဆုံးရောဂါတစ်မျိုးမှာ ကြက်ဝမ်းကျရောဂါဖြစ်သည်။ ထိုရောဂါများအတွက် ကြိုတင်ကာကွယ်ရန်လိုသည်။ ထို့ပြင် ကြက်ကျောက်ရောဂါလည်းဖြစ်တတ်သည်။ ကြက်လည်လိမ်ရောဂါအတွက် မျက်စဉ်းဆေး L2 ဆေးရည်ကို ၁၀ ရက်အထက်တစ်ကြိမ်၊ ၄လတစ်ကြိမ် ပုံမှန်ဆေးရည်တစ်စက်ထိုးပေးရသည်။ ထို့ပြင် ကြက်ကျောက်ရောဂါအတွက် M Stain ဆေးကို ၁ ပတ်မှ ၃ ပတ်အတွင်းဂလစ်စရင်းဆားရည်ဖြင့် ကျောက်ဆေးထိုးအပ်ဖြင့် ထိုးပေးရသည်။ နောက်တစ်ခါလိုအပ်လျှင် ၆ ပတ်အထက်တစ်ကြိမ်ထိုးပေးနိုင်သည်။ ကြက်ဝမ်းကျရောဂါအတွက်မူ တောင်ပံခြစ်ကာကွယ်ဆေးကို ကြက်အသက် ၁ လခွဲအထက် ကြက်များတွင် အသုံးပြုပေးနိုင်သည်။ တိုင်းရင်းကြက်များ၏ကျန်းမာရေးကို နေ့စဉ်ညအိပ်ချိန်နှင့် အစာကျွေးချိန်တွင်စစ်ဆေးပေးရမည်။

**တိုင်းရင်းကြက်ဈေးကွက်**

ဒေသတိုင်းရင်းကြက်သည် အသားတိုးကြက်ထက်ဈေးပိုကောင်းသည်။ ဒေသကြက်ကိုရောင်းတမ်းဝင်အဖြစ် ခုနစ်လ၊ ရှစ်လလောက်သာမွေးရသည်။ ဒေသကြက်ကို ပြည်တွင်း၌ အများဆုံးစားသုံးကြသည်။ မိသားစုတစ်နိုင်မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူမည်ဆိုပါက ပို၍အကျိုးအမြတ်ရနိုင်သည်။ ထို့ကြောင့် ဒေသတိုင်းရင်းကြက်ကို မိသားစုတစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်မွေးမြူကြရန်တိုက်တွန်းလိုသည်။ သို့မှသာပြည်တွင်းအသားစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံပါက ပြည်ပသို့ အသားထုတ်ကုန်အနေဖြင့်တင်ပို့နိုင်လျှင် ပြည်ပဝင်ငွေရရှိပြီး မွေးမြူသူများအနေဖြင့်ရော၊ နိုင်ငံတော်အနေဖြင့်ပါအကျိုးများမည်ဖြစ်သည်။

ထို့ပြင် ဒေသတိုင်းရင်းကြက်ကို မိရိုးဖလာမွေးမြူရေးမှ မျိုးထိန်းသိမ်းခြင်းနှင့် ကြီးထွားနှုန်းကောင်းအောင် ထုတ်လုပ်မှုအမြင့်မားဆုံးရရှိစေရန်ဆောင်ရွက်ပြီး ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် ဒေသကြက်မျိုးများကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့ ရောက်အောင် မွေးမြူကြရန် ရေးသားတိုက်တွန်းလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် မိုးညိုမြို့နယ် ညောင်ပိုင်းကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးမှ ဒေသကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ဒေသကြက်အား သဘာဝအတိုင်း မွေးမြူရန်၊ ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့်သာ ကျွေးမွေးရန်၊ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန်နှင့် မွေးမြူရေးဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးနိုင်ရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်အသစ်များ ထပ်မံတိုးပွားလာစေရေး စည်းရုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် မိုးညိုမြို့နယ် ထိန်တောမြို့ ထိန်တောဈေးသစ် တည်ဆောက်ပြီးစီးမှုနှင့်ဈေးရောင်းချနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး မီးဘေးအန္တရာယ် အထူးဂရုပြုရန်၊ ဈေးအတွင်း/အပြင် သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ရန်၊ ကိုယ်တိုင် စိုက်ပျိုးမွေးမြူသူများအား ဖိတ်ခေါ်၍ လက်လီအဆင့်ဆင့်မရှိစေဘဲ စားသုံးသူများထံ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမင်းမင်းထွန်း၏ ကာကီကင်းအမျိုးအစား ဥစားဘဲကောင်ရေ ၂၀၀၀ စမ်းသပ်မွေးမြူထားရှိမှုကိုကြည့်ရှုအားပေးပြီး ဒေသဝက်၊ ဒေသကြက်များလည်း တိုးချဲ့မွေးမြူသွားရန်၊ လုပ်ငန်းတူ မွေးမြူရေးလုပ်ငန်းရှင်အစုအဖွဲ့များဖွဲ့စည်း၍ ချေးငွေရရှိရေး ဆောင်ရွက်ပေးရန်နှင့် ဘက်စုံမွေးမြူရေးဆိုင်ရာအသိပညာပေးခြင်းနှင့် မွေးမြူရေးမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ကုန်ချောအဆင့်ထိ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဖိုးကတိုးကျေးရွာအုပ်စု၌ တောင်သူ ဦးကြာပန်း၏ နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး နွေစပါးစိုက်ခင်းများတွင် ရေလိုအပ်ချက်မရှိစေရေး ဆောင်ရွက်ပေးရန်၊ ဆိုလာရေတင်စနစ်အသုံးပြုနိုင်ရေး ချိတ်ဆက်ပေးရန်၊ ဈေးကွက်အတွင်း ထိုက်သင့်သည့်ဈေးနှုန်းရရှိစေရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၂၅ (စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ | ၁၄:၀၀ | ကျန်းမာသုတ |
| ၂။ | ၀၇:၀၀ | မေတ္တာပို့ | ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၃။ | ၀၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၀။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း ငြိုးမာန်ဖွဲ့စိမ်းရက်လေ သလား အပိုင်း (၂) သရုပ်ဆောင်- ကျော်ဟိန်း မေသန်းနု ဒါရိုက်တာ - အကယ်ဒမီ စင်ရော်မောင်မောင်** |
| ၄။ | ၇:၃၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | | |
| ၅။ | ၀၈:၀၅ | မျိုးချစ်တပ်မတော် | | | |
| ၆။ | ၀၉:၁၀ | မြဝတီနေ့စဉ်သတင်း | | | |
| ၇။ | ၁၀:၁၀ | နိုင်ငံတကာသတင်း | | | |

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၇ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၄၁ ဒသမ ၅၅၇၄) တန်၊ သစ်မာ (၁၃ ဒသမ ၈၄၇၄) တန်၊ အခြား (၁၄၀ ဒသမ ၆၈၈၆) တန်၊ စုစုပေါင်း (၁၉၆ ဒသမ ၀၉၃၄) တန်၊ ယာဉ်/ ယန္တရား ၁၉ စီး၊ တရားခံ ၂၉ ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# သာစည်မြို့နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၅

သာစည်မြို့နှင့် မူဆယ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၃ ရက် ည ၁၀ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မမြင့်မြင့်ခိုင်(ခ) မခိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (ဒေသတန်ဖိုးငွေကျပ် သိန်း ၃၀၀)ကိုလည်းကောင်း၊ အလားတူ ဧပြီလ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်တွင် ကျော်ဆန်းလင်း(ခ)အငဲ မောင်းနှင်ပြီး ဇော်ထက်(ခ)ငပိန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ (ဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း) ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မမြင့်မြင့်ခိုင်(ခ)မခိုင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# လှိုင်းဘွဲ့မြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ



လှိုင်းဘွဲ့ ဧပြီ ၂၅

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လ)အထိ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၂၄ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အဆိုပါဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးထွန်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စန္ဒာအောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ၊ လှိုင်းဘွဲ့မြို့နယ်၌ ဂျီဒီပီစုစုပေါင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP) အခြေအနေအရ လယ်ယာကဏ္ဍကြီး (လယ်ယာ+ သားငါး+သစ်တော)၊ စက်မှုကဏ္ဍကြီး(သတ္တု+စက်မှု+လျှပ်စစ်+ ဆောက်လုပ်မှု)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး+ ဆက်သွယ်ရေး+ငွေကြေး+ လူမှုရေးနှင့်စီမံခန့်ခွဲရေး+ ၄ားရမ်းခနှင့် အခြားဝန်ဆောင်မှု) ကဏ္ဍကြီးသုံးခု အပေါ်အခြေခံ၍ ငွေကျပ် ၂၅၁၇၄၃ ဒသမ ၆ သန်းဖြင့် ယခင်နှစ်ထက် ၂၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရေးဆွဲထားကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသန္တရစီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဌာနများအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ ပြည့်မီရန်နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များတာဝန်ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းဦးစီးဌာနဦးစီးမှူးတို့က သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ခံများအားကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များတာဝန်နှင့် နိုင်ငံပိုင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလျာထားချက်များတာဝန်ကို ပေးအပ်ကြောင်း သိရသည်။

(၄၀၆)


## ပွင့်ဖြူမြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်းစိုက်ပျိုးတောင်သူများကို မြေသြဇာများနှင့် သဘာဝရွက်ဖျန်းအားဆေးများ ပေးအပ်

ပွင့်ဖြူ ဧပြီ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)မှ ဦးဆောင်၍ နန်းထက်မြန်မာကုမ္ပဏီနှင့်ဒေသခံတောင်သူများ ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် ရေသွင်းနှမ်း ဧက ၃၀၀ စိုက်ပျိုးမည်ဖြစ်ရာ ဧပြီလ ၂၄ ရက်က ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းစိုက်ပျိုးမည့် ဒေသခံတောင်သူများကို မြေသြဇာများနှင့် သဘာဝရွက်ဖျန်းအားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၃၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ အဲဒီကန်ထရိုက်လယ်ယာစနစ် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် ရေသွင်းနှမ်းစိုက်ပျိုးခြင်းအစီအစဉ်ကို မြို့နယ်တောင်သူအကျိုးဆောင်အသင်းကဦးဆောင်ပြီး နန်းထက်မြန်မာကုမ္ပဏီနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့ရေသွင်းနှမ်းစိုက်ပျိုးမယ့် တောင်သူဦးရေ ၁၂၀ ရှိပါတယ်။ တောင်သူတွေ အဆင်ပြေစွာစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးစရိတ်အနေနဲ့ တစ်ဧကကို ငွေကျပ် တစ်သိန်း၊ စိုက်ပျိုးရေးသွင်းအားစုအနေနဲ့ တစ်ဧကကို တို့ကျေးလက်ဇီဝမြေသြဇာ 50 kg နှစ်အိတ်၊ ဘိုင်အိုကောင်းအမှတ်တံဆိပ် သဘာဝရွက်ဖျန်းအားဆေး သုံးမျိုးပါနှစ်တွဲစီကို ပေးအပ်တာဖြစ်ပါတယ်။ ဒါ့ပြင် ကန်ထရိုက်လယ်ယာစနစ်နဲ့ ရေသွင်းနှမ်း ဧက ၉၀၀ ကိုလည်း Green Growth Generation(GGG) ကုမ္ပဏီနဲ့ တောင်သူတွေ အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA) ဥက္ကဋ္ဌ ဦးမြင့်အောင်ကပြောသည်။

ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)က မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများတွင် အစားအစာဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့်တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




## ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးလုံခြုံရေးအသိပညာပေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

မေလ ၅ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧပြီလ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်အသိပညာပေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ကံ့ကော်လမ်းမကြီးဈေးနှင့် အမှတ်(၉၄) ရပ်ကွက်များ၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကံ့ကော်လမ်းမကြီးဈေး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးကျော်မိုးကြည်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးညီညီထွန်းဦးဆောင်သည့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇော်မျိုးထိုက်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးသတိမူရေးဆော်သြခြင်း၊ မီးလောင်ပါက မီးသတ်ဆေးဘူးဖြင့် လက်တွေ့အသုံးပြုနည်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရန်/ရှောင်ရန်တို့ကို အသိပညာပေးပြောကြားပြီး ဈေးသူ/ဈေးသားများ၊ ဈေးကော်မတီဝင်များ၊ ဈေးတာဝန်ခံများအား ဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ဆောင်ရွက်ထားရှိရန်၊ ဈေးအတွင်း၌ထားရှိသည့် မီးသတ်ဆေးဘူးများ ဟောင်းနွမ်းနေပါက အသစ်လဲလှယ်တပ်ဆင်ကြရန်၊ ဈေးအတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ မီးသတ်ရေကန်များထားရှိမှုနှင့် ဈေးအတွင်း မီးငြိမ်းသတ်ရန် ရေပိုက်ငုတ်များထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

အလားတူ အမှတ်(၉၄) ရပ်ကွက်လူနေအိမ်များ၌ မီးသုံးစွဲမှု စနစ်တကျရှိစေရေး၊ မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ပူးပေါင်း၍ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးကြကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**

## မန္တလေးစာဖြေဌာန၌ ကျင်းပမည့် JLPT စာမေးပွဲကို ရန်ကုန်မြို့၌ ပြောင်းလဲဖြေဆိုရမည်

မန္တလေး ဧပြီ ၂၅

မန္တလေးစာဖြေဌာနများရှိ ငလျင်ဒဏ်သင့်ခဲ့သည့်အဆောက်အအုံများ ပြန်လည်စစ်ဆေးခြင်းနှင့်ပြင်ဆင်ခြင်းများအတွက် အချိန်ကြာမြင့်မည်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စာမေးပွဲကျင်းပရန် အခက်အခဲများရှိသည့်အတွက် မန္တလေးစာဖြေဌာနများ၌ ဖြေဆိုရန် လျှောက်ထားခဲ့သည့် စာဖြေသူများ Level အားလုံး ရန်ကုန်မြို့၌ ပြောင်းလဲဖြေဆိုရမည်ဖြစ်ကြောင်း JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းမှ သိရသည်။

မန္တလေးစာဖြေဌာန၌ လျှောက်ထားသူများအနေဖြင့် ရန်ကုန်စာဖြေဌာန၌ ပြောင်းလဲဖြေဆိုလိုခြင်းမရှိပါက စာမေးပွဲဖြေဆိုရန် လျှောက်ထားမှုကိုပယ်ဖျက်၍ စာမေးပွဲကြေး ပြန်လည်ထုတ်ယူရန် လျှောက်ထားနိုင်သည်။

စာမေးပွဲလျှောက်ထားမှုကို ပယ်ဖျက်လိုသောစာဖြေသူများအနေဖြင့် Google Form မှတစ်ဆင့် ဧပြီလ ၂၅ ရက်မှ မေလ ၁၂ ရက် ညနေ ၄ နာရီအတွင်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာမေးပွဲကြေး ပြန်လည်လွှဲပြောင်းပေးမည့်ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်သည်။

အဆိုပါကာလအတွင်း Google Form တွင် ပယ်ဖျက်စာရင်းပေးသွင်းထားခြင်း မရှိပါက ရန်ကုန်စာဖြေဌာန၌ ပြောင်းရွှေ့ဖြေဆိုမည့်စာဖြေသူအဖြစ် စာရင်းသွင်းသတ်မှတ်မည်ဖြစ်သည်။ ရန်ကုန်စာဖြေဌာနသို့ ပြောင်းလဲဖြေဆိုသူများအတွက် စာဖြေဌာနနေရာများနှင့် ပတ်သက်၍ ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ပြီးခဲ့သည့်မတ်လအတွင်း ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့


ရန်ကုန် ဧပြီ ၂၅

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ပြီးခဲ့သည့်မတ်လအတွင်း ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ထိုသို့ ယာဉ်မတော်တဆမှု ၁၉ မှုဖြစ်ပွားခဲ့သောကြောင့် ထိခိုက်ဒဏ်ရာရရှိသူ အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၂၀ ဦး စုစုပေါင်း ၅၀ ဦးရှိခဲ့ပြီး သေဆုံးသူ အမျိုးသားနှစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း ခြောက်ဦးရှိခဲ့ကာ ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၇၄၂၀၀၀၀ ရှိကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် လူကြောင့်၊ ယာဉ်ကြောင့်၊ လမ်းကြောင့်နှင့် ရာသီဥတုကြောင့်ဖြစ်ပွားခြင်းဖြစ်ပြီး လူကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရာတွင် အရှိန်ပြင်း၊ မူးယစ်၊ အိပ်ငိုက်၊ လမ်းကူးသူပေါ့ဆ၊ တိရစ္ဆာန်ကြောင့်၊ ဆိုင်ကယ်ပေါ့ဆမှု၊ အနေးယာဉ်ပေါ့ဆမှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု၊ မဆင်မခြင်မောင်းနှင်မှုတို့ကြောင့် ဖြစ်ပွားမှုများကြောင်း၊ ယာဉ်ကြောင့်ဖြစ်ပွားရာတွင် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ လမ်းကြောင့်ဖြစ်ပွားရာတွင် တံတားနှင့် လမ်းချော်ခြင်းတို့ကြောင့်ဖြစ်ပြီး ရာသီဥတုကြောင့်လည်း ယာဉ်မတော်တဆမှုဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ယင်းတို့အနက် လူကြောင့်ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုသည် အများဆုံးဖြစ်သောကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတိပြုဆင်ခြင်မောင်းနှင်သင့်ကြောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ သတ်မှတ်အရှိန်နှုန်းထက်ပိုမိုမောင်းနှင်သည့်ယာဉ်များကို အရေးယူဆောင်ရွက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **စောယု**


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညွှန်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN
Black Coffee
Nan Myaing 2+1 coffee
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Fluoride ပါဝင်သောကြောင့် သွားများကို မြုပွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့်၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့်ပြစ်မှုကျူးလွန်ခြင်းမရှိသော မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ တံတားဦးမြို့နယ်၊ မိုးကုတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မုံရွာမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၃၀ ဦးနှင့် အမျိုးသမီး ၂ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် Type-81 အမျိုးအစား သေနတ် ၅ လက်၊ ၎င်းကျည်အိမ် ၁၃ ခု၊ ကျည် ၉၀၀ တောင့်နှင့် လက်ပစ်ဗုံး ၅ လုံးတို့ကို အပ်နှံကြရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။


ယင်းနောက် တာဝန်ရှိသူများက သေနတ် ၁ လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ၅ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၅၀ ၊ လက်ပစ်ဗုံး ၅ လုံးအတွက် ကျပ် ၃ သိန်းနှင့်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအတွက် ကျပ်သိန်း ၁၄၀ တို့ကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက လက်ခံရယူကြသည်။ ၎င်းနောက်တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


(၁၀၀)

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ






မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဧပြီ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ထိုသို့ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၃၆၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်၊ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၉ ဒသမ ၂၈၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၆၇)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၆၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၅၆၄၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်ရှိ တံတားတိုပွဲချိတ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၂)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ပလိပ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၇)မျိုး၊ လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၄၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ Mitsubishi Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ(၃၀၈)ဂါလန်၊ ဘက်ထရီပန့်(၂)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၄၈၄၄၄)နှင့် အမရပူရမြို့နယ်၊ ရတနာပုံတံတား(နှာပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(၉၅၈)ဂါလန်၊ ဓာတ်ဆီ (၈၄)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၈၂၁၁၈)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၄၂၀၅၆၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၄ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့်လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၃ ဒသမ ၄၉၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၂၁၅၆၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၆၅၆၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၃၉၈၇၅၂၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# ပရီးမီးယားလိဂ်ပွဲစဉ်(၃၄) ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၁) ပြင်သစ်လီဂူးပွဲစဉ်(၃၁) ပွဲကြိုသုံးသပ်ချက်




## ချယ်လ်ဆီး Vs အဲဗာတန်

**ကစားမည့်ရက်/အချိန်**

**(၂၆-၄-၂၀၂၅ ည ၆:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**အဲဗာတန် ၀ - ၀ ချယ်လ်ဆီး**

**ချယ်လ်ဆီး ၆ - ၀ အဲဗာတန်**

**အဲဗာတန် ၂ - ၀ ချယ်လ်ဆီး**

**နောက်ဆုံးကစားတဲ့ သုံးပွဲအနိုင်၊ အရှုံးရလဒ်**

**ချယ်လ်ဆီး အိမ်(သရေ) အိမ်(ရှုံး) ဝေး(နိုင်)**

**အဲဗာတန် အိမ်(သရေ) ဝေး(နိုင်) အိမ်(ရှုံး)**

ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်တွေရှိနေတဲ့ ချယ်လ်ဆီးအသင်းအနေနဲ့ အိမ်ကွင်းမှာ အနိုင်သုံးမှတ်ရဖို့ အမှားခံမှာမဟုတ်ပါဘူး။ ချယ်လ်ဆီးအသင်းက အဲဗာတန်အသင်းနဲ့ အိမ်ကွင်းမှာတွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိလို့ အခုအိမ်ကွင်းပွဲစဉ်မှာလည်း အကောင်းဆုံးကစားနိုင်မှာပါ။ ချယ်လ်ဆီးအသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အိမ်ကွင်း ၁၆ ပွဲကစားပြီးချိန်မှာ ကိုးပွဲအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့ နှစ်ပွဲသာရှုံးနိမ့်ခဲ့လို့ အိမ်ကွင်းဆိုရင်တော့ အသင်းလိုက်ကစားပုံကောင်းမွန်တဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းက ရမှတ် ၅၇ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် ချန်ပီယံလိဂ်ဝင်ခွင့်နောက်ဆုံးနေရာဖြစ်တဲ့ အဆင့်(၄)နေရာကအသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟနေလို့ လက်ကျန်ပွဲစဉ်တွေမှာ အမှားခံမှာမဟုတ်ပါဘူး။

အဲဗာတန်အသင်းကတော့ နည်းပြမိုယက်စ်လက်အောက်မှာ ရလဒ်တွေဆက်တိုက်ပြန်လည်ကောင်းမွန်လာတယ်ဆိုပေမယ့် ချယ်လ်ဆီးအသင်းအိမ်ကွင်း အိုးထရက်ဖို့ဒ်မှာ သွားရောက်ကစားရတိုင်း ရလဒ်ဆိုးရွားလေ့ရှိတာကိုတော့ သတိထားရမှာပါ။ အဲဗာတန်အသင်းက နောက်ဆုံးကစားတဲ့ ပြိုင်ပွဲစုံငါးပွဲမှာ နော်တင်ဟမ်အသင်းတစ်သင်းတည်းကိုသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ နှစ်ပွဲရှုံးနိမ့်ထားလို့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းနေပါတယ်။ အဲဗာတန်အသင်းက ၂၀၀၅ ခုနှစ် နောက်ပိုင်းကတည်းက ချယ်လ်ဆီးအသင်းအိမ်ကွင်းမှာ တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိဘဲ အမြင့်ဆုံးသရေရလဒ်သာစွမ်းဆောင်နိုင်ခဲ့လို့ အခု ချယ်လ်ဆီးအသင်းအိမ်ကွင်းမှာလည်း ရှန်းကန်ရဖို့ရှိနေပါတယ်။ အဲဗာတန်အသင်းရဲ့ ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၆ ပွဲကစားပြီးချိန်မှာ လေးပွဲသာအနိုင်ရရှိပြီး ခြောက်ပွဲသရေရလဒ်နဲ့ ခြောက်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက စိတ်ချလို့ရတဲ့အနေအထားမှာမရှိပါဘူး။ ဒါ့ပြင် အဲဗာတန်အသင်းခံစစ်ပိုင်းကလည်း အဓိကကစားသမားတစ်ဦးဖြစ်တဲ့ တာကောစကီးဒဏ်ရာကြောင့် အနားယူနေရလို့ ခံစစ်ပိုင်းမှာ လိုအပ်ချက်တွေရှိနေပါတယ်။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ ချယ်လ်ဆီးအသင်းက ၁၅ ကြိမ် အနိုင်ရရှိထားပါတယ်။ အဲဗာတန်အသင်းက ၁၀ ကြိမ်အနိုင်ရရှိပြီး ကိုးကြိမ်သရေရလဒ် ထွက်ပေါ်ထားပါတယ်။ လက်ရှိခြေစွမ်းပိုင်းကလည်း ချယ်လ်ဆီးအသင်းက အသာစီးမှာရှိနေလို့ ချယ်လ်ဆီးအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ချယ်လ်ဆီး ၁ - ၀ အဲဗာတန်

## ဘိုင်ယန်မြူးနစ် Vs မိန့်ဇ်

**ကစားမည့်ရက်/အချိန်**

**(၂၆-၄-၂၀၂၅ ည ၈:၀၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**မိန့်ဇ် ၂ - ၁ ဘိုင်ယန်မြူးနစ်**

**မိန့်ဇ် ၀ - ၄ ဘိုင်ယန်မြူးနစ်**

**ဘိုင်ယန်မြူးနစ် ၈ - ၁ မိန့်ဇ်**

**နောက်ဆုံးကစားတဲ့ သုံးပွဲအနိုင်၊ အရှုံးရလဒ်**

**ဘိုင်ယန်မြူးနစ် အိမ်(သရေ) ဝေး(သရေ) ဝေး(နိုင်)**

**မိန့်ဇ် အိမ်(သရေ) ဝေး(ရှုံး) အိမ်(သရေ)**

လက်ကျန်ပွဲစဉ်လေးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိမယ်ဆိုရင် ချန်ပီယံဆုဆွတ်ခူးနိုင်မှာဖြစ်တဲ့ ဘိုင်ယန်မြူးနစ်အသင်းက အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲကလည်း ထွက်ခွာခဲ့ရပြီဖြစ်လို့ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲဘက်ကို အပြည့်အဝအာရုံစိုက်လာမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းရဲ့ ဘွန်ဒက်စ်လီဂါ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ၁၂ ပွဲအနိုင်ရရှိထားပြီး နှစ်ပွဲသရေရလဒ်နဲ့ တစ်ပွဲသာရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အားရစရာအနေအထားမှာရှိနေပါတယ်။ ဒါ့ပြင် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကလည်း ပွဲ ၃၀ ကစားပြီးချိန်မှာ ၈၇ ဂိုးသွင်းယူနိုင်ခဲ့တဲ့အထိ ထက်မြက်မှုရှိနေလို့ မိန့်ဇ်အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက အခုပွဲစဉ်မှာ ပထမအကျော့က ရှုံးကြေးကို ပြန်ဆပ်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်လာမှာပါ။

မိန့်ဇ်အသင်းကတော့ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ကျန်ရှိနေသေးတယ်ဆိုပေမယ့် နောက်ဆုံးကစားတဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့အထိ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ မိန့်ဇ်အသင်းရဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင်လည်း ၁၅ ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့ ခြောက်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ သာမန်အနေအထားမှာပဲရှိနေပါတယ်။ မိန့်ဇ်အသင်းခံစစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ အမှားအယွင်းတွေများနေလို့ ဟယ်ရီကိန်းဦးဆောင်လာမယ့် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ကတော့ ခက်ခဲနေမှာပါ။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းကိုပြန်ကြည့်ရမယ်ဆိုရင် ဘိုင်ယန်မြူးနစ်အသင်းက ၂၃ ကြိမ်အနိုင်ရရှိထားပါတယ်။ မိန့်ဇ်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိပြီး နှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အိမ်ရှင်အားသာချက်၊ လက်ရှိခြေစွမ်းပိုင်းနဲ့ တွေ့ဆုံမှုအပိုင်းမှာ အဘက်ဘက်က အသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ အနိုင်ရယူသွားမှာပါ။

ခန့်မှန်းရလဒ် - ဘိုင်ယန်မြူးနစ် ၃ - ၀ မိန့်ဇ်

## လီဟာဗေး Vs မိုနာကို

**ကစားမည့်ရက်/အချိန်**

**(၂၆-၄-၂၀၂၅ ည ၁၁:၃၀ နာရီ)**

**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

**မိုနာကို ၃ - ၁ လီဟာဗေး**

**မိုနာကို ၁ - ၁ လီဟာဗေး**

**လီဟာဗေး ၀ - ၀ မိုနာကို**

**နောက်ဆုံးကစားတဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**

**လီဟာဗေး ဝေး(နိုင်) အိမ်(ရှုံး) ဝေး(ရှုံး)**

**မိုနာကို ဝေး(ရှုံး) အိမ်(နိုင်) အိမ်(သရေ)**

လီဟာဗေးအသင်းက တန်းဆင်းဇုန်ဖိအားတွေရှိနေလို့ လက်ကျန်ပွဲစဉ်တွေမှာ သေချာအာရုံစိုက်ကစားနေတယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ တိုးတက်မှုမရှိသေးဘဲ ရှန်းကန်နေရပါတယ်။ လီဟာဗေးအသင်းက ဒီဘောလုံးရာသီအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်ရမယ်ဆိုရင် ၁၅ ပွဲကစားပြီးချိန်မှာ သုံးပွဲသာအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ ၁၁ ပွဲရှုံးနိမ့်ထားကာ အိမ်ကွင်းရလဒ်အဆိုးရွားဆုံးအသင်းအဖြစ်ပါ ရပ်တည်နေလို့ အခုပွဲစဉ်မှာလည်း မိုနာကိုအသင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲနေမှာပါ။

မိုနာကိုအသင်းကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲတိုက်ရိုက်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိနေလို့ အဝေးကွင်းဆိုပေမယ့် အမှားခံမှာမဟုတ်ပါဘူး။ လက်ရှိမိုနာကိုအသင်းရဲ့ ခြေစွမ်းပိုင်းကလည်း လီဟာဗေးအသင်းကိုအနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ မိုနာကိုအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲ တိုက်ရိုက်ဝင်ခွင့်နောက်ဆုံးနေရာဖြစ်တဲ့ အဆင့်(၃) နေရာမှာ ရပ်တည်နေတယ်ဆိုပေမယ့် အဆင့်(၄) နေရာက လိုင်လီအသင်းနဲ့ ရမှတ် တစ်မှတ်သာကွာဟနေလို့ လက်ကျန်ပွဲစဉ်တွေမှာ အမှားခံလို့မဖြစ်တော့ပါဘူး။ မိုနာကိုအသင်းက ပြီးခဲ့တဲ့ စထရာဘော့အသင်းနဲ့ပွဲစဉ်မှာ သရေရလဒ်ကြောင့် ရမှတ်ဆုံးရှုံးထားလို့ အခုပွဲစဉ်မှာတော့ ရမှတ်ပြည့်ရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။

ဒီနှစ်သင်းကြားတွေ့ဆုံမှုအပိုင်းမှာ မိုနာကိုအသင်းက သုံးကြိမ်အနိုင်ရရှိထားပါတယ်။ လီဟာဗေးအသင်းက တစ်ကြိမ်အနိုင်ရရှိပြီး သုံးကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ နှစ်သင်းစလုံး ရမှတ်လိုအပ်ချက်တွေရှိနေတယ်ဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - လီဟာဗေး ၁ - ၃ မိုနာကို

## ပရီးမီးယားလိဂ်ပွဲစဉ်(၃၄)

ဘရိုက်တန် - ဝက်စ်ဟမ်း

နယူးကာဆယ် - အစ်ဗ့စ်ချ်

ဆောက်သမ်တန် - ဖူလ်ဟမ်

ဝုဗ် - လက်စတာ

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၁)

လေဗာကူဆင် - အော့စ်ဘတ်

ဟော့ဖန်ဟိုင်း - ဒေါ့မွန်

ဟူစတိန်ကယ်လ် - ဂလာဘတ်

ဝုဖ်ဘတ် - ဖရိုင်းဘတ်

ဖရန့်ဖတ် - လိုက်ပဇစ်

## ပြင်သစ်လီဂူးပွဲစဉ်(၃၁)

စထရာဘော့ - စိန့်အက်တီယန်

လိုင်ယွန် - ရင်းနက်စ်

**စည်သူအောင်**






## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိလုပ်ငန်းတွင် ရိုက်နှိပ်တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကယားပြည်နယ် လွိုင်ကော်မြို့၊ လောခမ္မရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်(လ/၁၅၂)၊ တွင်နေထိုင်သော ဒေါ်အိအိထွေး(၂/လကန(နိုင်)၀၅၃၄၉၉) မှ ၎င်း၏ ရေသန့်ဖြန့်ဖြူးရေးလုပ်ငန်းအား မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ တင်ပို့ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဖြန့်ဖြူးရောင်းချရာတွင် အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမှတ်အသား(Logo) အား တရားဝင်အတည်ပြုနိုင်ရေး ဥပဒေနှင့်အညီ မှတ်ပုံတင်သွားမည်ဖြစ်ပါသည်။

အဆိုပါ တံဆိပ်အမှတ်အသား(Logo)အား ကန့်ကွက်လိုသည့် လုပ်ငန်းတူမည်သူမဆို ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်(၇) ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အောက်ဖော်ပြပါလုပ်ငန်းတံဆိပ်အမှတ်အသားအား အသုံးပြု၍ အနယ်နယ်အရပ်ရပ်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လုပ်ငန်းတံဆိပ် အမှတ်အသားနမူနာမှာ အောက်ဖော်ပြပါတံဆိပ်အမှတ်အသားဖြစ်ပါသည်–

LK Fresh

ဒေါ်အိအိထွေး ၂/လကန(နိုင်)၀၅၃၄၉၉
ဖုန်း–၀၉–၇၉၃၅၈၄၆၁၁

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင်အသုံးပြုရန် တည်ဆောက်ရေးလုပ်ငန်း(၃)ခု၊ ရုံးသုံးစက်ပစ္စည်း(၁၈)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၂၅)မျိုး၊ IT ပိုင်းဆိုင်ရာလုပ်ငန်း(၂)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်–

| | | |
|---|---|---|
| တင်ဒါပုံစံ ရောင်းချမည့်ရက် | – | ၂၈–၄–၂၀၂၅ ရက်နေ့မှ ၁၂–၅–၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံ ရောင်းချမည့်နေရာ | – | မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်း ရမည့်နေ့ရက်/အချိန် | – | (၁) ရုံးသုံးစက်ပစ္စည်းများနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ၁၅–၅–၂၀၂၅ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ<br>(၂) ရုံးသုံးပရိဘောဂပစ္စည်းများနှင့် IT ပိုင်းဆိုင်ရာလုပ်ငန်း များအတွက် ၁၆–၅–၂၀၂၅ ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | – | (၁) ရုံးသုံးစက်ပစ္စည်းများနှင့်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ၁၅–၅–၂၀၂၅ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ<br>(၂) ရုံးသုံးပရိဘောဂပစ္စည်းများနှင့် IT ပိုင်းဆိုင်ရာလုပ်ငန်း များအတွက် ၁၆–၅–၂၀၂၅ ရက်နေ့၊ နံနက်(၁၀:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | – | မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ပစ္စည်းများအတွက် ဖုန်း–၀၆၇–၃၄၁၈၂၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့လည်းကောင်း၊ ရုံးသုံးပရိဘောဂပစ္စည်းများအတွက် ဖုန်း–၀၆၇–၃၄၁၈၅၉၀ (ပစ္စည်း–၁ ဌာနစိတ်)သို့လည်းကောင်း၊ IT ပိုင်းဆိုင်ရာလုပ်ငန်းများအတွက် ဖုန်း–၀၆၇–၃၄၁၈၇၆၅ သို့လည်းကောင်း ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

### ပျောက်ဆုံးကြောင်း
ငွေးငွေးရီ(ဘ)ဦးပြေငြိမ်း ၈/တတက(နိုင်)၂၅၀၆၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၀၂၂၅၁၇၆

### ပျောက်ဆုံးကြောင်း
တင်တင်ဝင်း(ဘ)ဦးမောင်မောင်(ခ)ဦးဟွာတိတ် ၁၃/နခတ(နိုင်)၀၅၄၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၁၀၂၅၀၅၅

### ပျောက်ဆုံးကြောင်း
ခင်ခင်သော်(ဘ)ဦးသိန်းဇော် ၁၂/အစန(နိုင်)၂၅၃၄၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 446969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၆၃၃၉၉၆၃၉

### ပျောက်ဆုံးကြောင်း
ဖြူသန္တာလွင်(ဘ)ဦးတင်သိန်း ၉/မကန(နိုင်)၁၃၆၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ456942)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၇၁၈၀၉၆၅

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးထွန်းမြင့် ၇/ကဝန(နိုင်)၁၃၁၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရဲလင်းအောင်(ဘ)ဦးလှမြင့် ၁၂/မဘန(နိုင်)၁၁၇၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မေမိုးခင်(ဘ)ဦးအောင်ဆန်းဝင်း ၅/ဟမလ(နိုင်)၁၁၃၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရေဝတီထွန်း(ဘ)ဦးမောင်ထွန်းဝင်း ၁၁/စတန(နိုင်)၁၅၉၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထွန်းဝင်း(ဘ)ဦးမောင်ဦးကျော် ၁၁/မတန(နိုင်)၀၁၂၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 894872)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ညိုညိုသန်း(ဘ)ဦးယဉ်သာအောင် ၁၁/စတန(နိုင်)၀၇၀၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 894873)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန်းမူးကျွန်ဖော့(ဘ)ဦးစောထွန်းဝ ၃/လဘန(နိုင်)၁၄၅၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 581717)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဦးဉာဏ်ထွန်း(ဘ)ဦးတင်ထွန်း ၁၀/သဖရ(နိုင်)၁၂၈၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၅၉၃၃၆၄၇

### ပျောက်ဆုံးကြောင်း
နန်းသန်းသန်းစိုး(ဘ)ဦးသန်းစိန် ၃/ဘအန(နိုင်)၂၆၃၅၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 479358)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မြငြိမ်းဆွေ(ဘ)ဦးလှရွှေ ၈/ဆပဝ(နိုင်)၁၀၇၁၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကြည်ကြည်လွင်(ဘ)ဦးသန်းစိန် ၁၂/ဗတထ(နိုင်)၀၂၆၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်အေးဇံ(ဘ)ဦးကျော်သာ ၁၁/မတန(နိုင်)၀၁၁၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 491708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝေဖူးသဇင်(ဘ)ဦးစိုးထွေးနိုင် ၁၄/ကပန(နိုင်)၂၆၅၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 322513)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မင်းမင်းအောင်(ဘ)ဦးတင်သိန်း ၅/ခဥတ(နိုင်)၀၆၂၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၅၆၉၃၃၃၇၇

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ထွန်းရွှေဝါလမ်း၊ အမှတ်(၅၄၁)နေ အဘ ဦးမျိုးဇော်လတ် ၇/ညလပ(နိုင်)၁၈၆၉၆၂၏သမီး မမေဖူးငုံအား မပြည့်မှူးထက်စံဟု ပြောင်းလဲခေါ်ဆိုပါရန်။ မပြည့်မှူးထက်စံ

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ကြီးရပ်၊ ကမ်းနားလမ်းနေ နိုင်မျိုးခန့် (ဘ)ဦးရဲနိုင် ၆/မမန(နိုင်)၁၅၉၆၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 294898)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၅၆၁၆၄၀၁၁

### မိဘအမည်မှန်
သထုံမြို့၊ အ.ထ.က(၂)၊ Grade(9) မှ မသက်စုစန္ဒီ၏မိဘအမည်မှန်မှာ ဦးကျော်ထူး ၁၂/အစန(နိုင်)၁၅၉၀၈၇ နှင့် ဒေါ်ချိုချိုမြင့် ၁၀/သထန(နိုင်)၀၉၁၃၈၃ ဖြစ်ပါကြောင်း။

ဦးကျော်ထူး–ဒေါ်ချိုချိုမြင့်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ ဒေါ်ယဉ်နွယ်လင်း ၁၂/ရကန(နိုင်)၀၀၃၃၉၂ မှ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၆)ရပ်ကွက်၊ အောင်တံခွန်(၂)လမ်း၊ အိမ်အမှတ်[၁၃၃၁(ခ)]မှ ဦးပြည့်ဖြိုးမောင် ၁၂/မဂတ(နိုင်)၀၈၉၃၂၄ ကိုင်ဆောင်သူအား (၁၀–၄–၂၀၂၅)ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ရာ အထက်ပါနေအိမ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်တားမြစ်လိုသူများရှိပါက ယခုကြော်ငြာစာပါရှိပြီး နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်တားမြစ်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်ယဉ်နွယ်လင်း(ဘ)ဦးဇော်လင်း
၁၂/ရကန(နိုင်)၀၀၃၃၉၂
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်။

## HELI UNION S.A (YANGON BRANCH)
## Pursuant to Insolvency Law 2020
## Notice for Final General Meeting
## (In Members’ Voluntary Winding-up)

Final General Meeting of the members’ voluntary liquidation of HELI UNION S.A (YANGON BRANCH) will be held at No.4, Pyidawaye Yeiktha, Kabaraye Pagoda Road, Yankin Township, Yangon at 10:00 am on (2–5–2025), all members are cordially invited to attend the final general meeting.

At the meeting, the liquidator’s report and liquidation statement of accounts shall be finally presented and winding-up.

Daw Myint Myint Toe
B.Com,CPA
Liquidator
HELI UNION S.A (YANGON BRANCH)
No.4, Pyidawaye Yeiktha, Kabaraye Pagoda Road,
Yankin Township, Yangon, Myanmar.

### ပျောက်ဆုံးကြောင်း
နေပြည်တော်နေ မောင်အောင်ဆန်းဝင်း(ဘ)ဦးချစ်ဖြူ ၉/ပမန(နိုင်)၁၉၆၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 360930)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၄၄၀၉၆၂၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ရာမည(၄)လမ်းနေ မမူမူအောင်(ဘ)ဦးအောင်ကျော်သောင်း ၁၄/ပသန(နိုင်)၂၂၂၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB 459748)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
ဇာနည်အောင်(ဘ)ဦးမောင်မောင်သန်း ၅/ဟမလ(နိုင်)၁၄၇၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၆၆၅၆၇၆၂၁

❖ **တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တည်ငြိမ်အေးချမ်းမှုရှိပြီး ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု (ပထမနေ့)ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၅**

တပ်မတော်တွင် နဝမအကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု(ပထမနေ့)ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ပြုလုပ်ရာ အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှအသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် **စာမျက်နှာ ၁၂ ကော်လံ ၁** ❑



တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသမှု (ပထမနေ့)ဆောင်ရွက်စဉ်။



၂၀၂၅ ခုနှစ်၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပေးစဉ်။

# ၂၀၂၅ ခုနှစ်၊ ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ **စာမျက်နှာ ၁၂ ကော်လံ ၁** ❍


**ဆောင်းပါး**

**တန်ခူးလ စာအလင်္ကာများ** စာ - ၁၃ သို့

**ဈေးကွက်အတွင်းဘီလပ်မြေဈေးနှုန်းများ အဆမတန်ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေးအတွက် ပူးပေါင်းအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေး** စာ - ၅ သို့

**စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတံဆိပ်လေးခု ဆွတ်ခူးရရှိ** စာ - ၁၀ သို့



